အင်ပင်လှကျော်ရွာ
မင်းဘူးမြို့နယ်

ကျော်ရွာဖွံ့ဖြိုးရေးအစီအစဉ်

(၂၀၁၅ - ၂၀၂၀)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အင်ပင်လှကျေးရွာ၊ မင်းဘူးမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး၀န်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

CamScanner

မာတိကာ

မာတိကာ ၁

စကား:ချီး ၄

အင်ပင်လှကျေး:ရွာ အရင်း:အမြစ်ပြမြေပုံ၊ မင်း:ဘူး:မြို့နယ် ၆

အပိုင်း:(က) ကျေး:ရွာဖွံ့ဖြိုး:ရေး:ဗျူဟာ နှင့် အစီအစဉ် ၇

(၁) နိဒါန်း:- ကျေး:ရွာဖွံ့ဖြိုး:ရေး:ရည်ရွယ်ချက်နှင့် လွှမ်း:ခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုး:ကြောင်း: ဖော်ပြချက်

(ခ) စီမံကိန်း:၏ လွှမ်း:ခြုံသက်ရောက်မှု

(၂) ကျေး:ရွာ၏ ပထဝီဝင် အနေအထား:နှင့် သဘာဝအရင်း:အမြစ်များ: ၉

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား:

(ခ) သဘာဝအရင်း:အမြစ်များ:

(၃) ကျေး:ရွာ၏ လူမှုဖွံ့ဖြိုး:တိုး:တက်ရေး: အခြေအနေ ၁၀

(က) လူဦး:ရေဆိုင်ရာ အချက်အလက်များ:

(ခ) စီး:ပွား:ရေး:အခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်း:ရဲနွမ်း:ပါး:မှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်း:မာရေး: နှင့် အာဟာရ

(င) ပညာရေး:နှင့် ကျွမ်း:ကျင်မှုများ:

(စ) ကျား:မဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီး:သီး:၏ လက်ရှိ ဖွံ့ဖြိုး:မှု အခြေအနေ ၁၂

(က) ဖွံ့ဖြိုး:ရေး:ဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီး:နှံ၊ သား:ငါး: ထုတ်လုပ်ရေး:ကဏ္ဍ

(ဂ) စိုက်ပျိုး: မွေး:မြူရေး:မဟုတ်သော အသက်မွေး:ဝမ်း:ကျောင်း:လုပ်ငန်း:များ:

(ဃ) ပတ်ဝန်း:ကျင်နှင့် သဘာဝအရင်း:အမြစ်များ:ဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေး:ဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး:၊ ကျန်း:မာရေး:၊ ရေနှင့်ပတ်ဝန်း:ကျင်သန့်ရှင်း:ရေး:

(ဆ) လူငယ်နှင့် ယဉ်ကျေး:မှု

(ဇ) အခြေခံ အဆောက်အဦများ:လက်လှမ်း:မီမှု - လမ်း:၊ တံတား:၊ လျှပ်စစ်စွမ်း:အား:၊ သတင်း:နှင့် ဆက်သွယ်ရေး:

(ဈ) တည်ငြိမ်အေး:ချမ်း:မှုနှင့် ပြည်သူလုံခြုံရေး:

(၅) ကျေး:ရွာဖွံ့ဖြိုး:တိုး:တက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်း:များ:၊ အဟန့်အတား:များ:နှင့် ကျော်လွှား:ရမည့် စိန်ခေါ်မှုများ: ၁၅

(က) ဖွံ့ဖြိုး:တိုး:တက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်း:များ:

(ခ) အဟန့်အတား:များ: နှင့် ကျော်လွှား:ရမည့် စိန်ခေါ်မှုများ:

(၆) ကျေး:ရွာဖွံ့ဖြိုး:ရေး: ပန်း:တိုင်နှင့် ဗျူဟာ ၁၈

CamScanner

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၀

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၁

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၄

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၅ ဥစ္စာဝန အဆင့် အခြေအနေ

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းစနစ်

ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

CamScanner

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မူခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၉

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၅

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၈၁

အဝိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၈၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ အင်ပင်လ္ကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေး ဆွဲ ထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံး ပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက် အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါ မည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းဘူး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရ

CamScanner

ဌာနများ၏ အကြံပြုချက်များ၊ မကွေးတိုင်းအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။


ဤစီမံချက်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အင်ပင်လှကျေးရွာ
မင်းဘူးမြို့နယ်

CamScanner

အင်ပင်လှကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

CamScanner

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ကိုပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း

CamScanner

အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ အဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး ဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗဟုဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

CamScanner

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

အင်ပင်လှကျေးရွာသည် အင်ပင်လှကျေးရွာအုပ်စုတွင်ပါဝင်ပြီး မင်းဘူးမြို့မှ (၁၇.၆) ကီလို မီတာနှင့် စကုနှင့် (၉.၆) ကီလိုမီတာ ကွာဝေးပါသည်။ မင်းဘူးမြို့နယ်သည် နှစ်စဉ်မိုးရေချိန် (၄၀) လက်မအောက်သာ ရွာသွန်းပြီး ပူပြင်းခြောက်သွေ့သောဒေသဖြစ်သည်။

အင်ပင်လှကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်အနေအထားတွင် တည်ရှိပါသည်။ မင်းဘူး၊ စကု တို့နှင့် ကျောက်ခင်းလမ်းဖြင့် ဆက်သွယ်ထားပြီး လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းသည်။ အင်ပင်လှကျေးရွာ၏ အဓိအသက်မွေးဝမ်းလုပ်ငန်းမှာ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း ဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်များ

မန်းချောင်းလည်းရှိပြီး ၎င်းမန်းချောင်းမှတဆင့် စိုက်ပျိုးရေးအတွက် ဆည်မြောင်းများလည်း များစွာရှိပြီး စိုက်ပျိုးရေးထွန်းကားသောဒေသလည်းဖြစ်သည်။

မြေလွတ်မြေရိုင်းများနှင့် စားကျက်လည်းကျယ်ပြန့်စွာ ရှိနေသေးပြီး ဆိတ်၊ သိုး၊ နွား၊ နို့စားနွားမွေးမြူရေးအတွက် အလုံအလောက်ရှိသဖြင့် စီးပွါးဖြစ်မွေးမြူရေးတိုးချဲ့ရန် အလားအလာကောင်းများလည်းရှိသည်။

ဧရာဝတီမြစ်နှင့် တနှစ်ပါတ်လုံးစီးဆင်းသော ချောင်းများလည်းရှိသဖြင့် ရေချိုအဖိုးတန်ငါး၊ ပုဇွန်များလည်း ထွက်ရှိသည်။

ရှား၊ ထနောင်း၊ ကုက္ကို၊ စသည့် အပူပင်များ ပေါက်ရောက်ပြီး ထိန်းသိမ်းမှုအားနည်းခြင်းနှင့် ထုတ်ယူသုံးစွဲမှု များသောကြောင့် သစ်တော၊ ဝါး၊ ပျားရည်နှင့် အဖိုးတန်တိရစ္ဆာန်မျိုးစိတ်များ လျော့နည်းလာသည်။ ထင်းအတွက် သစ်ခုတ်မှုများရှိပြီး၊ ထုတ်ယူရောင်းချမှုကြောင့်လည်း သဘာဝဆေးဘက်ဝင်ပင်များလည်း လျော့နည်း လာသည်။ ရွာပတ်လည်တောင်မှ ငှက်မျိုးစုံ၊ ယုန်၊ တောကြောင်၊ ကြွက်၊ ခါ ၊ ငုံး၊ တောကြက်၊ ချိုး၊ ကြက်တူ ရွေး၊ ခို၊ မျောက်၊ မျစ်၊ ဝါးနှင့်

CamScanner

ဆေးဖက်ဝင်အပင်များ၊ ဟင်းသီး/ရွက်များ ရှိသော်လည်း တဖြည်းဖြည်း ရှားပါးလာသည်။ တိရိစ္ဆာန်များ ရှားပါးလာသည်။ လက်လှမ်းမီနိုင်မှု တဖြည်းဖြည်းခက်လာသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

အင်ပင်လှ ကျေးရွာတွင် အိမ်ခြေ ၂၈၀ ရှိပြီး၊ လူဦးရေပေါင်း (၁၁၀၉) ဦး (ကျား ၅၄၁+ မ ၅၆၈) ဦး ရှိသည်။ တအိမ်ထောင်ပျမ်းမျှမိသားစုဦးရေမှာ (၃.၉၆) ဖြစ်သည်ကို တွေ့ရပါသည်။ အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာ ၇၉၈ ဦး (၇၂%) ရှိသည်။ အမျိုးသမီး အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာလည်း အမျိုးသားလူဦးရေထက် ၁၀ ဦး (၁.၃%) ပိုများသည်ကိုတွေ့ရသည်။ အလုပ်လုပ်ကိုင်နိုင်သူ ဦးရေမှာ ၇၂% ရှိပြီး များသော်လည်း အလုပ်အကိုင်နှင့် ဝင်ငွေနည်းခြင်း၊ ဝင်ငွေပုံမှန်မရှိခြင်းတို့ကြောင့် မိသားစုအများစုမှာ ဆင်းရဲသည်ကို တွေ့ရသည်။

(ခ) စီးပွားရေးအခြေအနေ

ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု - ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင် ဆုံးဖြတ်သော ဓနဥစ္စာအဆင့်အနေအထားအရ ဆင်းရဲနှင့် ဆင်းရဲဆုံးအိမ် ထောင်စုမှာ စုစုပေါင်း (၂၄၃) အိမ် (၈၆.၈%) ရှိပြီးအများစုမှာ ဆင်းရဲသားများ ဖြစ်ကြသည်။ ကျန် ၃၇ အိမ် (၁၃.၂%) မှာ အဆင်ပြေနှင့် အလယ်အလတ်တန်းစား မိသားစုများဖြစ်သည်။ ဓနဥစ္စာအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လယ်ယာသုံးစက် ကိရိယာပိုင်ဆိုင်မှု၊ အိမ်အမျိုးအစား၊ ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှု၊ အိမ်မွေး တိရိစ္ဆာန်ပိုင်ဆိုင်မှု နှင့် တနှစ်ဝင်ငွေမှာ အရေးပါသည်ကို တွေ့ရသည်။ အဆင်ပြေသော မိသားစုများမှာ လယ်မြေ အနည်းဆုံး ၁၂ ကနှင့် ယာမြေ ၃၀ ကအထက် ရှိသော်လည်း ဆင်းရဲဆုံးမိသားစုများမှာ စိုက်ပျိုးမြေမရှိ၊ ပုံမှန်ဝင်ငွေမရှိကြပါ။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာလူထု၏ ခန့်မှန်းချက်အရ ကျေးရွာမိသားစု၏ (၆၈.၆%) သည် ၃ လအောက် ဝမ်းစာဖူလုံသူများဖြစ်ပြီး ကျပန်းသမားမြေယာမဲ့နှင့် တောင်သူငယ်များဖြစ်သည်။ ၎င်းမိသားစုများမှာ လုပ်အား ကြိုရောင်းပြီး ကျန်လများတွင် အကြွေးယူစားကြရသည်။ ကျေးရွာ မိသားစု၏ ၁၄.၆% မှာ ၃ လနှင့် ၅ လအထိ ဝမ်းစာဖူလုံမှုရှိပြီး ၁၆.၈% မှာ ၆ လနှင့် အထက် ဝမ်းစာ ဖူလုံကြသည်။

ပညာအရည်အချင်းနည်းပါးသော လူငယ်များ၊ ကလေးများ၍ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ မြေယာမဲ့လက်လုပ်လက်စားများ၊ ရွှေ့ပြောင်းလုပ်သားများ စားဝတ်နေရေး အဆင်မပြေသူများသည် ထိခိုက်လွယ်ကြသည်။ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ သစ်တောပြုန်းတီးခြင်း၊

CamScanner

ဝမ်းစာဖူလုံမှုမရှိခြင်း၊မြေဆီလွှာ ခမ်းခြောက်ခြင်း၊ ရောဂါပိုးမွှားကျရောက်မှုများခြင်း၊ တိရိစ္ဆာန်နှင့် လူရောဂါများလည်းဆိုးရွားစွာ ကျရောက်လေ့ ရှိသဖြင့် အန္တရာယ်ရှိမှု အခြေအနေများမြင့်သည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

အင်ပင်လှကျေးရွာသည် ဝမ်းရောဂါ၊ သွေးလွန်တုတ်ကွေး၊ ရာသီဖျား ရောဂါများ အဖြစ်များနေပါသည်။ ကျေးရွာတွင် ဆေးခန်းရှိသော်လည်း တာဝန်ကျသားဖွားဆရာမ မရှိပါ။ ကျန်းမာရေးသုံးပစ္စည်းများလုံလောက်မှု မရှိပါ ။ တခါတရံ အရေးပေါ်ကိစ္စရှိပါကမင်းဘူးသို့ သွားရောက်ဆေးကုကြရသည်။ အင်ပင်လှကျေးရွာတွင် သောက်ရေအဖြစ် ကန် ၂ ခု၊ မိုးရေသိုလှောင်ကန် ၁ ကန် ရှိသော်လည်း ကန်များမှာ တိမ်ကောနေခြင်းနှင့် အနီးနား ကျေးရွာ ၅ ရွာမှ သုံးစွဲနေရသဖြင့် သောက်သုံးရေလုံလောက်မှုမရှိပါ။ မိုးခေါင်နှစ်များတွင် ရေရှားပါး သည်။ ယင်လုံအိမ်သာမှာလည်း တရွာလုံးအိမ်ခြေ ၂၈၀ အနက် ၁၆၈ အိမ်သာ အသုံးပြုနေသေးသဖြင့် လုံလောက်မှု မရှိသေးပါ။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ရွာတွင် လုံးဝကျောင်းမနေသူ ၈.၈%၊ ဘာသာရေးအခြေပြုပညာရေးပြီးဆုံးသူ ၁.၄%၊ မူလတန်းပညာပြီးဆုံးသူ ၆၄.၇%၊ အလယ်တန်းပညာ ပြီးဆုံသူ ၁၅%၊ အထက်တန်းပညာပြီးဆုံးသူ ၄.၆%၊ တက္ကသိုလ်ဘွဲ့ရ ၁.၆% ဦး ရှိပါ သည်။ လက်ရှိတွင် တက္ကသိုလ်တက်ရောက်နေသူ ၈ ဦးရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် အားရကျေနပ်စရာဖြစ်ပါသည်။

ကျေးရွာတွင် ဆံပင်ညှပ်ဆိုင် ၂ ဆိုင်၊ စက်ပြင် ၁ ဆိုင်နှင့် စက်ချုပ်လုပ်ငန်း ၂၀ ဆိုင် ရှိသည်။ အဓိကဝင်ငွေတိုးလုပ်ငန်းများမှာ ဆန်စက် ၁၊ ဆီစက် ၁၊ မုန့်ဟင်းခါးဖတ်အစို/အခြောက်လုပ်ငန်း ၁၊ ဝါးကုလားထိုင်လုပ်ကိုင်ရောင်းသူ ၁ ဦး၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အိမ်ဈေးဆိုင်လုပ်ငန်းများ စသည်တို့ဖြစ်ကြ ပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

အင်ပင်လှကျေးရွာတွင် အမျိုးသားဦးရေ ၅၄၁ ဦးနှင့် အမျိုးသမီးဦးရေမှာ ၅၆၈ ဦးရှိသည်။ အမျိုးသမီးလုပ်သားဦးရေမှာ အမျိုးသားလုပ်အားထက် ၁၈ ဦး (၁.၃) ရာခိုင်နှုန်းခန့် ပိုမိုပါ သည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေး အဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာ အမျိုးသား ဦးရေထက် ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင်မူ ကော်မတီကိုယ်စားလှယ်အဖြစ် အမျိုးသားများသာ အဓိကပါဝင်ဖွဲ့စည်းထားပြီး အမျိုးသမီးများ ပါဝင်ခွင့်ရမှုနည်းကြသည်။ ကျေးရွာ၏ ဖွံ့ဖြိုး တိုးတက်ရေးနှင့် မိသားစုအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါ သည်။ လုပ်အားခသတ်မှတ်ရာတွင်လည်း အမျိုးသားလုပ်အားခမှာ အမျိုးသမီးများလုပ်အားခထက် ပိုလေ့ရှိသည်။

CamScanner

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာအထောက် အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေး၊ ရပ်မိရပ်ဖ၊ လူငယ်ကာလ သားအဖွဲ့၊ အထောက်အကူပြုအဖွဲ့၊ မြစိမ်းရောင်ကော်မတီ၊ ပက်မြန်မာအဖွဲ့၊ စိုက်ဘဏ်ကော်မတီ၊ လယ်စီကော်မတီ၊ အရံမီးသတ်၊ လမ်းကော်မတီ၊ ကျန်းမာရေးအဖွဲ့(မိခင်နှင့်ကလေး)၊ မိဘဆရာ အသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့စသဖြင့် သက်ဆိုင်သောကိစ္စရပ်များအတွက် ရည်ရွယ်ဖွဲ့စည်းထားခဲ့သော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားနည်းသည့်အပြင် ကျေးရွာနှင့် အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် စနစ်တကျ ဆောင်ရွက်တတ်သည့် အလေ့အထများကို ကျင့်သုံးနိုင်ခြင်းမရှိသေးပေ။ ၎င်းအပြင် မိမိတို့ကျေးရွာသည် နိုင်ငံတော်အစိုးရ လက်အောက်ရှိ ကျေးရွာနှင့် တိုက်ရိုက်သက်ဆိုင်သော ဦးစီးဌာနများ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ဘဏ်၊ သမ၊ ပညာရေး၊ ကျန်းမာရေး)၊ နိုင်ငံတကာ အဖွဲ့အစည်းအနေဖြင့် ပက်မြန်မာစသည် ချိတ်ဆက်မှုရှိခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအကူအညီများကို ရရှိခဲ့ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး **ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ**ကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေး ပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်းစသည့်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

အင်ပင်လကျေးရွာတွင် မြေယာမဲ့ ၁၀၁ အိမ်ထောင်ရှိပြီး တောင်သူ ၁၇၉ အိမ်ထောင်ရှိသည်။ စပါး၊ နှမ်းနှင့် မြေပဲကို အဓိကစိုက်ပျိုးကြပြီး ၎င်းတို့အနက် နှမ်းသီးနှံကို အဓိက ထားစိုက်ပျိုးကြသည်။ နှမ်းထွက်နှုန်းမှာပျမ်းမျှ တဧက ၄.၅ တင်း၊ မြေပဲထွက်နှုန်း တဧက ပျမ်းမျှ ၃၂.၅ တင်း၊ စပါး တဧက ထွက်နှုန်း ပျမ်းမျှ ၆၅ တင်းနှုန်းဖြစ်သည်။ နှမ်း တစ်တတင်း ရောင်းရငွေမှာ ၆၈၀၀၀ ကျပ်(စမုံနက်)၊ ၃၆၀၀၀ ကျပ် (မကျမ်းတော) ဖြစ်ပါ သည်။ မြေပဲ ကို သီးသန့်စနစ်စိုက်ပျိုးကြသည်။ မြေပဲရောင်းရငွေမှာ အတောင့်တစ်တင်းလျှင် ၅၀၀၀ ကျပ် ဖြစ်ပါသည်။ တွန်တာနီ၊ ဗီယက်နမ်

မျိုးများ စိုက်ပျိုးကြသည်။ စပါးကိုဝမ်းစာအဖြစ် အဓိကထား စိုက်ပျိုးသည်။ မနောသုခ၊ ဧရာမင်း မျိုးများကိုစိုက်ပျိုးကြသည်။

စိုက်ပျိုးမြေမှာ လယ်(၂၅၇.၃၅) ဧက နှင့် ယာမြေ (၁၇၂၅.၇) ဧက၊ ဥယျဉ်ခြံမြေ (၁.၂၅) ဧက၊ ပလပ်မြေ ၂၀ ဧက၊ စုစုပေါင်း ၁၉၈၄.၃ ဧကရှိ၍ တောင်သူလုပ်ငန်းအတွက် လိုအပ်သော လုပ်အား အနေဖြင့် မြေယာမဲ့ ကျပန်း နှင့် တောင်သူငယ်များကို မှီခိုအား ထား ရပါသည်။

မွေးမြူရေးကို ၂၁၈ အိမ်မှ မွေးမြူကြပြီး စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်ကြသည်။ မွေးမြူရေးအဓိကလုပ်ကိုင်သူ ၆၂ အိမ်ရှိသည်။ လွတ်လပ်စွာရောင်းချခွင့် လိုင်စင်မရှိခြင်း၊ လိုင်စင် ရရန်ခက်ခဲခြင်းနှင့် လိုင်စင်ရှိသူများ၏ခေါင်းပုံဖြတ်ခံရခြင်း၊ ဒေသတွင်းဈေးကွက်ကိုသာ ရောင်းချ နိုင်ပြီး မြို့နယ်ပြင်ပသို့ အကောင်လိုက်သယ်ယူရောင်းချရန် အကန့်အသတ်များရှိနေခြင်း၊ ဒေသ အတွင်း စည်သပ်စက်ရုံကဲ့သို့ ရင်းနှီးမြှုပ်နှံမှုရှိခြင်း၊ နှစ်စဉ်ကျရောက်သောရောဂါများကို ကာကွယ် နိုင်မှု နည်းပညာဝန်ဆောင်မှုမရရှိသောကြောင့် မွေးမြူရေးကို စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ အစိုးရဌာနနှင့် အဖွဲ့အစည်းများ၏ နည်းပညာဝန်ဆောင်မှု လက်လှမ်းမမီနိုင်သဖြင့် မွေးမြူရေး တောင်သူများ ထုတ်လုပ်မှုနည်းပြီး အမြတ် အစွန်းလည်းနည်းသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

မြေယာမဲ့မိသားစုအချို့သည် ပန်းရံ၊ လက်သမားလုပ်ကိုင်ခြင်း၊အစိုးရဝန်ထမ်း၊ အိမ်ဈေး ဆိုင်ငယ်များရောင်းခြင်းတို့ကို လုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်းမှလွဲ၍ ကျန်အလုပ်များမှာ ပုံမှန်အလုပ်အကိုင်မရှိ။ ပုံမှန်ဝင် ငွေမရ။ သွား ရောက်လုပ်ကိုင်ကြရသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

အခြားတိရစ္ဆာန်များ ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှု အားနည်းပြီး သဘာဝအရင်းအမြစ် ထိန်းသိမ်းမှု အန္တရာယ်ရှိသည်။ မြေဆီလွှာထိန်းသိမ်းမှုလည်း မရှိကြပါ။ သစ်တောများလည်း ထုတ်ယူသုံးစွဲမှုများသဖြင့် သစ်တောပြုန်းတီးလာသသည်။ သဘာဝ အရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟုသုတလည်း နည်းပြီး ဖွံ့ဖြိုးရေး အစီအစဉ်လည်း မရှိကြပါ ။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် မိုးစပါးစိုက်ပျိုးရေးအတွက် ပုံစံ ၇ ရှိသူများသာ မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်မှ စိုက်ပျိုးရေးငွေကို ထုတ်ချေးနိုင်ကြသည်။ စိုက်ဘဏ်ချေးငွေအချိန်မီမရ၊ လုံလောက်မှု မရှိ။ စိုက်ဘဏ်မှ စိုက်ပျိုးရေးချေးငွေယူသူ ၁၅၀ ဦး၊ သမမှ ၅၀ ဦး၊ မြစိမ်းရောင်မှ ၂၇၉ ဦး၊ ပက်မြန်မာအဖွဲ့မှ ၁၅၀ ဦးနှင့် ကျေးရွာရုံပုံငွေမှ ၁၂၄ ဦးရှိသည်။ ပြင်ပမှ ငွေချေးပါက (၆-၁၀%) အတိုးရှိ သည်။

CamScanner

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အင်ပင်လှကျေးရွာတွင် မူလတန်းကျောင်းရှိပြီး အစိုးရခန့် မူလတန်းဆရာ/ဆရာမ-၅ ယောက် ပညာသင်ကြားလျက်ရှိပါသည်။ မူလတန်းကျောင်းသားဦးရေ ၉၃ ယောက် (၁၇၂.၂%) ရှိသဖြင့် ဆရာအင်အားလုံလောက်မှုရှိသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းသား ဦးရေ ၄၉ ဦး (၅၀.၅%) တက်ရောက်နိုင်ပြီး၊ အထက်တန်းကျောင်းသားဦးရေ ၇ ဦးနှင့် တက္ကသိုလ်တက်ရောက်နေသူ ၇ ဦးရှိသည်။ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသားဦးရေ သိသိသာသာ လျော့နည်းရခြင်းမှာ ပညာရေးအခြေခံနည်းသဖြင့် အထက်တန်အောင်မြင်ရန်အခက်အခဲရှိခြင်း၊ မင်းဘူးနှင့် မကွေးသို့ သွားရောက်တက်ရပြီး မိဘများမှလည်း ဆင်းရဲသောကြောင့် ကျောင်းဆက်မထားနိုင်ကြပါ။

ကျန်းမာရေးကဏ္ဍအတွက် ကျေးရွာတွင် ဆေးပေးခန်းရှိသော်လည်း တာဝန်ကျသားဖွား ဆရာမမရှိသောကြောင့် ကျန်းမာရေးဝန်ဆောင်မှု မရကြပါ။ အရေးပေါ်ရှိပါက မင်းဘူးနှင့် မကွေးဆေးရုံသို့ တက်ရောက်ကုသ ကြရသည်။ တစ်ရွာလုံးအတွက် ရေကန် ၁ ကန်နှင့် မိုးရေလှောင်ကန် ၁ ကန် ရှိသည်။ ရေကန်မှာ တိမ်ကောနေပြီး ၅ ရွာစုပေါင်း အသုံးပြုကြသဖြင့် သောက်ရေလုံလောက်မှုမရှိပါ။ ကျေးရွာတွင် လက်ရှိ ယင်လုံအိမ် သာ (၁၆၈) အိမ်ရှိပြီး ကျန် (၁၁၂) အိမ်မှာ ဆင်းရဲနှင့် အိမ်ထောင်ခွဲများမှာ မိမိခြံဝင်းအတွင်း ယင်လုံအိမ်သာ မဆောက်ဘဲ ပူးတွဲ၍အသုံးပြုကြပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် ဗွီဒီယိုရုံ ပြဇာတ်ရုံများမရှိပါ။ တစ်ချို့အိမ်များတွင်တီဗွီများရှိသည်။ ရှိသော အိမ်များသို့ သွားကြည့်ကြသည်။ လူမှုရေးပွဲများ၊ ဘာသာရေးပွဲများ၊ ဖွဲ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြသည်။ လူငယ်အမျိုးသားများမှာ ဘောလုံးကန်ခြင်း၊ ခြင်းခတ်ခြင်း၊ ဘောလီဘောကစားခြင်းများ ရှိသည်။ ကျေးရွာတွင်ဘောလုံးကွင်းမရှိပါ။ အိုးစည်၊ ဒိုးပတ်ဝိုင်း ရှိသော်လည်း ပစ္စည်းများဟောင်းနွမ်းပျက်စီး နေပါသည်။ လူငယ်အချို့မှာ အင်တာနက်သုံးစွဲကြသည်။

(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးလက်ဒေသဦးစီးဌာနမှ ဆင်ဂေါင်း၊အင်ပင်လှလမ်းအား ၂၀၁၅ ခုနှစ်တွင် ကျောက်ခင်းလမ်း ပြုပြင်ပေးထားသောကြောင့် ကောင်းသည်။ သို့သော် ရွာတွင်လမ်းများမှာ ပြုပြင်နိုင်ခြင်းမရှိသေးသောကြောင့် လမ်းများ မကောင်းပါ။ သွားလာရေး၊ သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီး ၈၂ စင်း၊ ဆိုင်ကယ် (၁၅၂) စင်း၊ သုံးဘီးဆိုင်ကယ် ၄ စင်း၊ ဘတ်စ်ကား ၄ စင်းနှင့် နွားလှည်း ၁၅၀ စီးရှိသည်။ ကျေးရွာတွင် ဆိုလာကို ၁၁၇ အိမ်ထောင်မှ အသုံးပြုနေကြသည်။ ကျေးရွာလူထုသည်

CamScanner

တယ်လီဖုန်း (၁၉၀) လုံး၊ ရေဒီယို ၈၇ လုံး၊ တီဗွီ (၇၇) လုံးရှိသည်။ ဖုန်းအသုံးပြုမှုမှာ MPT လိုင်းသာအသုံးပြုနိုင်ပါသည်။ သို့သော် ရွာအတွင်းနေရာတိုင်းတွင်မမိပါ။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်အနေဖြင့် မီးကင်းလှည့်လည်စောင့်ရှောက်ရေး လုပ်ငန်းသာရှိပါသည်။ ဝန်ထမ်းများသာ အသက်အာမခံထားကြသည်။ ရဲစခန်းနှင့် အဆက်အသွယ် ပြုမူအား နည်းသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

အင်ပင်လှကျေးရွာတွင် ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာ ကျား (၃၉၄) ဦးနှင့် မ (၄၀၄) ဦး၊ စုစုပေါင်း (၇၉၈) ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၇၂%) ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက် ရောက် သင်ကြားနေသူ (၇) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၇) ဦး၊ တက္ကသိုလ်ဘွဲ့ရ (၁၅) ဦး စသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေများပြားလာသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူစွမ်းအားအရင်းအမြစ်များရှိနေပါသည်။ ကျေးရွာတွင် လက်ရှိလူမှုရေးအဖွဲ့ ၁၂ ဖွဲ့ရှိနေပြီး မိမိတို့ ကျေးရွာအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်နေသည်မှာလည်း အားရဖွယ်ဖြစ်ပါသည်။

သီးနှံထုတ်လုပ်မှုနှင့် ပါတ်သက်၍ ကျေးရွာတွင် လယ် ၂၅၇.၃၅ ဧက၊ ယာမြေ ၁၇၂၅.၇ ဧက၊ ပလပ်မြေ ၂၀ ဧက၊ စုစုပေါင်း ၁၉၈၄.၃ ဧက ရှိပြီးမြေဩဇာ အသင့်အတင့်ကောင်းသည်။ အိုင်းမဆည်၏တောင်မန်းမြောင်းနှင့် လက် တံ (၁) နှင့် (၂) တို့မှ ဆည် ရေ ကို လယ် ၂၅၅.၈၅ ဧက အကွက် ကနှစ်ပါတ်လုံးရေရရှိပါသည်။ မိုးကောင်းသောက်လယ် (၁.၅) ဧကရှိပါသည်။ ယာမြေများ အားလုံးတို့သည် မိုးရေသောက်ဖြစ်ပြီး စိုက်ပျိုး ထုတ်လုပ်မှုအတွက် ရာသီဥတုကို မှီနေသည်။ မိုးခေါင်ပါက ရေနည်း၍ သီးနှံမရရှိပါ။ ပလပ်မြေမှာ ကျေးရွာအတွက် ထင်းရှိရေးနှင့် တိရိစ္ဆာန်များ စားကျက်အဖြစ် အသုံးပြုသည်။

ငွေကြေးဝန်ဆောင်မှု အနေဖြင့် စိုက်ဘဏ်အဖွဲ့မှ အဖွဲ့ဝင် (၁၅၀) ခန့်ရှိသည်။ လယ်မြေပုံစံ ၇ ရှိသူများအား မိုးစပါးအတွက် တဧက ၁၀၀၀၀၀ ကျပ်နှင့် အများဆုံး ၁၀ ဧကအထိသာ ငွေချေးပေးသည်။ ယာမြေအတွက် တဧက ၂၀၀၀၀ ကျပ်နှုန်း ချေးပေးသည်။ အတိုးမှာ (၄၂) ပြားတိုးဖြစ်သည်။ (၇) လ တစ်ကြိမ် ပြန်ဆပ်ရသည်။

CamScanner

သမကော်မတီမှာလက်ရှိတွင်စိုက်သမငွေသာချေးပေးသည်။ အတိုးမှာ ၁ ကျပ် ၁၅ ပြားတိုးဖြစ်သည်။ တစ်ဦးလျှင် ၁၀၀,၀၀၀ ကျပ် ချေးပေးသည်။ အသင်းဝင်ကြေး ၅၀၀၀ ကျပ်ပေးရသည်။ ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင် ၅၀ ဦး ရှိသည်။ ပထမ အကြိမ်ပြန်ဆပ်ပြီး ဒုတိယအကြိမ်တွင် လူဦးရေကို ကြည့် ပြီး ၂၀၀,၀၀၀ ကျပ်၊ ၃၀၀,၀၀၀ ကျပ် ငွေချေးပေးသည်။ (၆) လနေလျှင် ပြန်ဆပ်ရသည်။ သမမှမွေးမြူရေးငွေ ထုတ်ချေးရန်ရှိသည်။

မြစိမ်းရောင်အဖွဲ့မှ အဖွဲ့ဝင် (၂၇၉) ဦး၊ အတိုး (၁) ကျပ်တိုး၊ တစ်လလျှင် တစ်ကြိမ် အတိုးပြန်ဆပ်ရပါသည်။ အရင်းကို တစ်နှစ်ပြည့်လျှင်ပြန်ဆပ်ရပါသည်။ အဖွဲ့ကို ၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။

ပက်မြန်မာအဖွဲ့တွင် အဖွဲ့ဝင် (၁၅၀) ဦးရှိပြီး အတိုးမှာ တစ်ကျပ် တစ်ဆယ့်ငါးပြားတိုးဖြစ်သည်။ (၁၄) ရက်လျှင်တစ်ကြိမ်ပြန်ဆပ်ရသည်။ စိုက်ပျိုးရေး၊ မွေးမြူး၊ အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ငွေချေး ပေးသည်။

ကျေးလက်ဦးစီးဌာနမှ ကျေးရွာမှ မင်းဘူးသို့သွားသောလမ်းကို ပြုပြင်နေဆဲဖြစ်သည်။ ဆည်မြောင်းဌာနမှလည်း တံတားပြုလုပ်နေဆဲဖြစ်ပါသည်။

စကု၊ မင်းဘူး၊ မကွေးတို့နှင့်နီးပြီး ဈေးကွက်အလုံအလောက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းသည်။ စိုက်ပျိုးရေးထွက်ကုန်နှင့် သွင်းအားစုများကို အလွယ်တကူ ရောင်းနိုင်၊ ဝယ်နိုင်သည်။ နည်းပညာဝန်ဆောင်မှုများကိုလည်း မြန်မာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး ကုမ္ပဏီများဖြစ်ကြသော မြင်းကျား၊ အနော်ရထာ၊ သြဘာ၊ ရွှေနဂါးကုမ္ပဏီများမှ နည်းပညာများ လာရောက်ဆွေးနွေးပေးကြသည်။ လယ်ယာသုံးစက် ကိရိယာများကို အရစ်ကျ ရောင်းချသော ကုမ္ပဏီများလည်း ဒေသအတွင်းရှိသည်။ လက်ရှိတွင် လယ်ယာသုံး စက်ကိရိယာများအနေဖြင့် ထွန်စက် ၃ စင်း၊ လက်တွန်းထွန်စက် ၂၄ စင်း၊ ခြွေလှေ့စက် ၃ ခု၊ ရေစုပ်စက် ၁၈ ခုကို အသုံးပြုနေကြသည်။ နှမ်း၊ စပါးနှင့် မြေပဲကို အဓိကစိုက်ပျိုးကြသည်။ မင်းဘူးနှင့် မကွေးပွဲရုံများသို့ သွားရောက် ရောင်းကြသည်။ ပွဲစားများမှတဆင့်လည်း ကျေးရွာအထိ လာရောက်ဝယ်ယူကြသည်။ သီးနှံသား ငါး၊ အခြေခံလူသုံးကုန်ပစ္စည်းများ၊ လူသုံးဆေးဝါးတို့ကို ဝယ်ယူရန် မင်းဘူး၊ မကွေးသို့ သွားလာကြသည်။

မွေးမြူရေးအနေဖြင့် အခွင့်အလမ်းများမှာ လွတ်ကျောင်းရန်စာကျက်ရှိသည်။ စိုက်ပျိုးရေးမှ ကောက် ရိုး၊ ပဲမှော်များရနိုင်သည်။ ဈေးကွက်နှင့်နီးသည်။ ဈေးကွက်ကောင်းသည်။ သွင်းအားစုများကိုလည်း အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ နွားနှင့် ဆိတ်မွေးမြူရေးမှာ စိုက်ပျိုးရေးအတွက် မြေဆွေး ရရှိသောကြောင့် တိုးချဲ့မွေးရန် အလားအလာရှိသည်။ တိရိစ္ဆာန်ရောဂါ ကာကွယ်မှုအတွက် ကုန်းသာကျေးရွာရှိ တိရိစ္ဆာန်ဆေးကုဆရာဝန်အား ခေါ်ယူကုသနိုင်သည်။

CamScanner

ကျေးရွာတွင် လူငယ်များအနေဖြင့် ကာလသားအဖွဲ့နှင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် တက်ကြွစွာပါဝင် မှု ရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ လူငယ်များအားကစားတွင် လေ့လာလိုက်စားမှု အားကောင်းသည်။ မင်းဘူးမြို့နယ်သည် ရွှေစက်တော်ဘုရား၊ စက္ကိန်းတဲဘုရား၊ ကျောင်းတော်ရာဘုရားနှင့် အခြားတန်ခိုးကြီးရွေးဟောင်းဘုရားများ၊ ရွေးဟောင်းပန်းပုလက်ရာများ၊ မီးတောင်အရှင်ဖြစ်သော နဂါးပွက်တောင်နှင့် မင်းလှခံတပ်တို့တည်ရှိရာ နိုင်ငံခြားခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းသော ဒေသတစ်ခုလည်းဖြစ်ပါ သည်။

(ခ) အဟန့် အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

အင်ပင်လှကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေး ကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှုများ ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

အင်ပင်လှကျေးရွာ သီးနှံထုတ်လုပ်မှု နည်းနေရခြင်းအကြောင်းများမှာ စိုက်ပျိုးရေလုံလောက်မှုမရှိ၊ စိုက်ပျိုးမြေ တိုးချဲ့ရန်မရှိ၊ သုံးသီးစားစိုက်ပျိုးခြင်းနှင့် ပြင်ပသို့ သွားရောက်အလုပ်လုပ်ကြသဖြင့် လုပ်သားရှားပါးခြင်းနှင့် လယ်ယာသုံးစက်ကိရိယာ လုံလောက်မှုမရှိ၊ ရာသီဥတုဖေါက်ပြန်မှုကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်းများရှိခြင်း၊ ရောဂါပိုးမွှားများကို ကာကွယ်နှိမ်နှင်းရန် နည်းပညာလုံလောက်မှုမရှိ၊ စိုက်ဘဏ်မှ ချေးငွေလုံလောက်မှုမရှိ။ ကာလတို ချေးငွေသာဖြစ်နေသည်။ ပြင်ပမှ ချေးငွေကို ၅ မှ ၁၀ % ထိအတိုးနှုန်းဖြင့် ချေးနေရပြီး သွင်းအားစုအချိန်မှီအသုံးမပြုနိုင်ကြပါ။

မွေးမြူရေးလုပ်ငန်းအတွက် သီးသန့်ချေးငွေမရှိ။ တိရိစ္ဆာန်ရောဂါကာကွယ်ကုသရေးနည်းပညာဝန်ဆောင်မှုများ မရရှိ၍ ဆုံးရှုံးမှုများရှိပါသည်။ အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ မွေးမြူရန် အဆက်အသွယ်မရှိ။ လက်လှမ်းမမီကြပါ။ မွေးမြူရေးတိုးချဲ့မွေးမြူရန် ချေးငွေနှင့် ထုတ်ကုန်များအတွက် ဈေးကွက်ဖွံ့ဖြိုးမှုလည်း မရှိသေးပါ။ ဆေးကုသစရိတ်နှင့် အစာစရိတ်မြင့်သည်။ မိမိခြံထွက် တိရိစ္ဆာန်များအား လွတ်လပ်စွာ ရောင်းဝယ်ခွင့်မရှိ။ သားသတ်လိုင်စင်ရရန် ခက်ခဲသည်။ လိုင်စင်ရှိသူ၏ ခေါင်းပုံဖြတ်မှုခံရခြင်း၊ ဒေသတွင်းဈေးကွက်ကိုသာ မှီခိုနေရပြီး ပြင်ပသို့သယ်ယူရောင်းချရာတွင် အကန့်အသတ်များရှိနေသည်။ စည်သွပ်စက်ရုံကဲ့သို့ ပုဂ္ဂလိကရင်းနှီးမြှပ်နှံမှုမရှိခြင်းတို့ကြောင့် မွေးမြူရေးကဏ္ဍ တိုးတက်လာစေရန်အတွက် လိုအပ်ချက်များရှိနေပါသည်။

နေ့စားလုပ်ကိုင်သူများရှိသော်လည်း ကျေးရွာတွင် ပုံမှန်အလုပ်အကိုင်နှင့် ဝင်ငွေမရှိကြပါ။

CamScanner

ထို့ကြောင့် အချို့ မြေယာမဲ့ကျပန်းလုပ်ကိုင်သူများမှာ ပြည်တွင်း၊ ပြည်ပသို့ ရွှေ့ပြောင်း လုပ်သားအနေဖြင့် သွားရောက် အလုပ်လုပ်ကိုင်ကြသည်။ ဝင်ငွေတိုးလုပ်ငန်းများအတွက် အစိုးရ စီမံကိန်းနှင့် မူဝါဒအား နည်းသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကျွမ်းကျင်မှုမရှိ။ သင်တန်းများ တက်ရောက်ရန် ကုန်ကျစရိတ်မတတ်နိုင်၊ အဆက်အသွယ်မရှိကြပါ။ ဈေးကွက်နှင့်နီးပြီး လမ်းပန်း ဆက်သွယ်မှုအသင့်အတင့်ကောင်းသော်လည်း ဈေးကွက်ချိတ်ဆက်မှုမရှိ။ ပုံမှန် သွားလာသည့် သယ်ယူပို့ဆောင်ရေး ယာဉ်မရှိပါ။ သတင်းအချက်အလက်ရရှိနိုင်မှုအား နည်းသည်။ အလုပ်အကိုင် အခွင့်အလမ်းနှင့် အဆက်အသွယ်အား နည်းသည်။ လက်သမား၊ပန်းရံစသည် လက်ရှိကျွမ်းကျင် မှုများ ရှိသော်လည်း အရင်းအနှီးနည်းသည်။ ၎င်းကျွမ်းကျင်မှုများတွင်လည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။

ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတွင် အရေးပေါ်ဖြစ်ပါက မင်းဘူးနှင့် မကွေးဆေးရုံသို့ သွားကြရပြီး အရေးပေါ် သွားလာရန် ယာဉ်မရှိပါ။ သောက်ရေလုံလောက်မှုမရှိ။ ယင်လုံအိမ်သာ လုံလောက်မှုမရှိ။ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများလည်း အားနည်းနေသေးသည်။

လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အထက်တန်းအဆင့် စာတတ်မြောက်မှု အား နည်း ကြပါသည်။ အသက်မွေးအတတ်ပညာလည်းအား နည်းပြီး အလုပ်အကိုင်အခွင့်အလမ်း အား နည်းသည်။ လူငယ်များအနေနှင့် သတင်းအချက်အလက်၊ ဗဟုသုတရယူရန် အခွင့်အလမ်း နည်းပါးပါသည်။ မိုဘိုင်းဖုန်းဖြင့် အင်တာနက် အသုံးပြုကြသော်လည်း ဆက်သွယ်ရေးလိုင်း သိပ်မကောင်းပါ။ သတင်း၊ မီဒီယာနှင့် ပညာလေ့လာသင်ယူရန်အတွက် အသုံးပြုလေ့ မရှိကြ သေးပါ။

၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ ဆင်တောင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျ အားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသော အခါ လူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်း ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ထားခဲ့ ကြပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသား များ ဝင်ငွေ တိုးတက် ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များ

CamScanner

အတွက် လူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရှိုးရှင်းစွာချမှတ်ထားပါသည် -

(က-၁) ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ဆင်တောင်ကျေးရွာအတွင်းရှိ အိမ်ထောင်စုများသည် သီးနှံတိုးတက်ထုတ်လုပ်နိုင်ခြင်း၊ တိရိစ္ဆာန်တိုးတက်မွေးမြူနိုင်ခြင်းတို့ဖြင့် မိသားစုဝင်ငွေ တိုးတက်လာရမည်။

(က-၂) ပညာရည်တတ်မြောက်မှုမြင့်မားလာအောင် ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းတို့ကြောင့် ကျေးရွာလူငယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာရမည်။

(ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက် ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

- အထက်ပါ ပန်းတိုင်များသို့ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှနည်းပညာ၊ ငွေကြေးစသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ကျေးရွာအတွင်းရှိအခြားအဖွဲ့၊ ကော်မတီများဖြင့်လည်း ညှိနှိုင်း၍ တာဝန်များကို ခွဲဝေအပ်နှင်းဆောင်ရွက်မည်။
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် လက်ရှိလိုအပ်နေသော အရင်းအနှီးကို ဖွံ့ဖြိုးရေးအဖွဲ့များ၊ သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကဘဏ်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မိမိတို့ကျေးရွာဖွံ့ဖြိုးရေး လှည့်ပတ်ရံပုံငွေ ထူထောင်ခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။
- ကျေးရွာတွင် လက်ရှိအလယ်တန်းကျောင်းရှိပြီး စာသင်ကျောင်းဆောင် လုံလောက်မှုမရှိကြပါ။ ပညာသင်ကြားရန် နေရာလုံလောက်မှုမရှိသောကြောင့် ကလေးငယ်များ လုံခြုံစွာ ပညာရေးသင်ကြားရန်အတွက် အခက်အခဲရှိသည်။ ထို့ကြောင့် ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးရေးအဖွဲ့များ၊ ပုဂ္ဂလိက အလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် မိဘဆရာအသင်းက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။
- ကျေးရွာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်၊ အသက်မွေးဝမ်းပညာများ ကျွမ်းကျင်တတ်မြောက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိစေရန် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲ၍ အကောင်ထည်ဖော်ရေး စွမ်းဆောင်ရည်မြှင့်တင်ရန်လိုအပ်သည်။ ထိုသို့ စွမ်းဆောင်ရည် မြှင့်တင်ရန်အတွက် အရင်းအနှီးမတတ်နိုင်ခြင်း၊ အဆက်အသွယ်အားနည်းခြင်းတို့ကြောင့် အသက်မွေး

CamScanner

သင်တန်းများ သင်ကြားရန် အစိုးရဌာနများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့များနှင့် ချိတ်ဆက်၍ လက်တွေ့အကောင်ထည်ဖော်ရေးအစီအစဉ်ရေးဆွဲ ဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့် မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာ အဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေး စီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

အင်ပင်လှကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးသီးနှံ (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် ကျေးရွာရှိ မွေးမြူရေး၊ ဆင်းရဲသားမြေယာမဲ့များအတွက်လည်း ဝင်ငွေတိုးလုပ်ငန်းများအတွက် သင့်တော်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ၊ ဘဏ်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ထို့ကြောင့် ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို ဒေသလို အပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

CamScanner

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

အင်ပင်လှကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်မွေးထုတ်လုပ်သူတောင်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။ ကျေးရွာ၏ စိုက်ပျိုး၊ မွေးမြူရေး ကုန်ကြမ်းများထွက်ရှိသော အားသာချက်ကိုအမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြ အထောက်အပံ့ပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။ ၎င်းအပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကိုလည်း မြှင့်တင်ပေး ခြင်းဖြင့် စည်သွပ်စက်ရုံများ တည် ထောင်ခြင်းဖြင့် ထွက်ကုန်များကိုတန်ဖိုးမြှင့်ခြင်း၊ မြေယာမဲ့နှင့် လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်း များ ဖန်တီးပေးခြင်းများ လိုအပ်ပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများ အနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင် ပေးနိုင်ပါက မြန်ဆန်တိုးတက် လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။ ထို့နောက်တွင် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်းနှင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်ပေမည်။

CamScanner

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေး လိုအပ်ချက်များ အဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာ လူထုသည် စီမံချက် များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီးလုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များအား ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူ ပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်း မှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

CamScanner

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း: (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်း ဖြစ်ပါ သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း: (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါ သည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေ ဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) လူသားချင်း စာနာမှု အထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် ရွာသူရွာသားများမှ အများသဘောတူ ရွေးချယ်ဖွဲ့စည်းလိုက်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (၁၁) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရွေးချယ်ကြပြီး ကျန်ရွာသူရွာသားများက ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်းကို အတည်ပြုပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

အင်ပင်လ့ကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံကိန်းများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

CamScanner

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
အုပ်ချုပ်ရေး ကဏ္ဍ					
	အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး	၁၁၉	၄	• ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း • အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း • ခေါင်းဆောင်မှုနှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး သင်တန်းများ စီစဉ်ခြင်း	• ကျေးလက်ဦးစီး
စိုက်ပျိုးရေး ကဏ္ဍ					
	သီးနှံအထွက်တိုး၍ အကျိုးအမြတ်များအောင် ဆောင်ရွက်ခြင်း	၁၂၄	၃	• စိုက်ပျိုးရေးသင်တန်းများ • လယ်ယာသုံးစက်ပစ္စည်း ကိရိယာ • ယာခင်းများတွင်စက်ရေတွင်းတူးဖော်ခြင်း • မျိုးသန့်ထုတ်လုပ်ရေး	•
တိရိစ္ဆာန် မွေးမြူရေး					
	မွေးမြူရေးအသိပညာတိုးတက်လာစေရန်	၁၁၈	၅	• တိမွေးကု သင်တန်း • မွေးမြူရေးသင်တန်း (ကြက်၊ဝက်၊နွား၊ဆိတ်)	•
အခြား ဝင်ငွေရ လုပ်ငန်းများ					
	လုပ်ငန်းအခွင့်အလမ်းများလက်လှမ်းမီမှု ကျယ်ပြန့်အောင်ဆောင်ရွက်ခြင်း	၁၀၆	၉	• စက်ချုပ်သင်တန်း • ကွန်ပြူတာသင်တန်း • စက်ပြင်သင်တန်း	•

CamScanner

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
				• ဒီဇိုင်နာသင်တန်း • လျှပ်စစ်ပစ္စည်းပြုပြင်ရေးသင်တန်း • အလှပြင်သင်တန်း	
ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း					
	ချေးငွေ လက်လှမ်း မီရေး	၁၄၁	၁	• အသက်မွေးဝမ်းကျောင်းလုပ် ငန်းပေါ်မူတည်၍ ထုတ်ချေးပေးနိုင်မည့် ချေးငွေ ဌာနများနှင့် ချိတ်ဆက်ခြင်း • ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း • ငွေကြေးအရင်းအနှီးရရှိရေး	•
ပညာရေး					
	စာသင်ကျောင်းအခြေခံအဆောက်အဦးများ အဆင့်မြှင့်တင်ခြင်း	၁၁၆	၆	• စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း • စာသင်ကျောင်းပရိဘောဂဝယ်ယူရေး	•
ကျန်းမာရေး					
	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၁၃၂	၂	• ဆေးပေးခန်းအသစ် တည်ဆောက်ခြင်း • သားဖွားဆရာမ ရရှိရေး • ယင်လုံအိမ်သာတည်ဆောက်ခြင်း • ရေကန်မြေစာထုတ်ခြင်း • ကန်ဟောင်းများပြုပြင်ခြင်း • စက်ရေတွင်းအင်ဂျင်တပ်ဆင်ခြင်း • ဆေးစိမ်ခြင်ထောင်ရရှိရေး • အရံသားဖွားသင်တန်း	•

CamScanner

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
လမ်းပန်း ဆက်သွယ်ရေး					
	လမ်းတံတား အခြေခံအဆောက်အဦးများ တိုးတက်လာစေရေး	၁၁၅	၇	• ကုန်ထုတ်လမ်း၂လမ်းပြုပြင်ခြင်း • ရေကျော်ဆောက်လုပ်ခြင်း(၂)ခု (အင်ပင်လ-ဆင်ခေါင်း လမ်းပိုင်း) • မန်းချောင်းပေါင်း၊ အင်ပင်လချောင်းပေါင်းပင်းတလဲချောင်းပေါင်း တိုးချဲ့ခြင်း၊	ကျေးလက် ဦးစီး
<u>ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား</u>					
	လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးဘက်ရေးနှင့် နည်းပညာ သင်တန်းများ	၁၀၇	၈	• လူငယ်တီးဝိုင်း (ခေတ်ပေါ်/ရိုးရာ) • ကွန်ပျူတာ၊အင်္ဂလိပ်စာသင်တန်း	•
လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး					
	ကျေးရွာလျှပ်စစ်မီးလင်းရေးဆောင် ရွက်ခြင်း	၈၃	၁၁	• လျှပ်စစ်မီးရှိရေး	ကျေးလက် ဦးစီး
သဘာဝဘေးအန္တရာယ် လျှော့ချရေး					
	မီးဘေးအန္တရာယ်လျှော့ချရေး	၁၀၀	၁၀	• မီးသတ်ကားအသေးဝယ်ယူရေး	•

CamScanner

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံကိန်း	ဦးစားပေး အဆင့်	ကာလ ၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	မှတ်ချက်
၁	ချေးငွေ လက်လှမ်း မီရေး	၁	√	√	√			
၂	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာ စေရေး	၂		√	√			
၃	သီးနှံအထွက်တိုး၍ အကျိုးအမြတ်များအောင် ဆောင်ရွက်ခြင်း	၃	√	√	√	√	√	
၄	အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး	၄	√	√	√			
၅	မွေးမြူရေးအသိပညာတိုးတက် လာစေရန်	၅	√	√	√			
၆	စာသင်ကျောင်းအခြေခံအဆောက် အဦးများအဆင့်မြှင့်တင်ခြင်း	၆		√				
၇	လမ်းတံတား အခြေခံအဆောက် အဦးများ တိုးတက်လာစေရေး	၇	√	√				
၈	လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာသင်တန်းများ	၈		√	√	√	√	
၉	လုပ်ငန်းအခွင့်အလမ်းများလက်လှမ်း မီမှု ကျယ်ပြန့်အောင်ဆောင်ရွက်ခြင်း	၉		√	√	√	√	
၁၀	မီးဘေးအန္တရာယ်လျှော့ချရေး	၁၀	√	√				
၁၁	ကျေးရွာလျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခြင်း	၁၁	√	√				

CamScanner

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင် အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များ အပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ အတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အ လိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

CamScanner

စဉ်	စီမံကိန်း	ရန်ပုံငွေ	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
၁	ချေးငွေ လက်လှမ်း မီရေး			√		
၂	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး			√	√	
၃	သီးနှံအထွက်တိုး၍ အကျိုးအမြတ်များအောင် ဆောင်ရွက်ခြင်း			√	√	
၄	အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး					√
၅	မွေးမြူရေးအသိပညာတိုးတက်လာစေရန်		√	√		
၆	စာသင်ကျောင်းအခြေခံအဆောက်အဦးများအဆင့်မြှင့်တင်ခြင်း		√			
၇	လမ်းတံတား အခြေခံအဆောက်အဦးများ တိုးတက်လာစေရေး		√			
၈	လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာသင်တန်းများ		√	√		
၉	လုပ်ငန်းအခွင့်အလမ်းများ လက်လှမ်းမီမှုကျယ်ပြန့်အောင် ဆောင်ရွက်ခြင်း					
၁၀	မီးဘေးအန္တရာယ်လျှော့ချရေး					
၁၁	ကျေးရွာလျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခြင်း					

CamScanner

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြိုးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

CamScanner

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

အင်ပင်လ့ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများ အား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ် စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

CamScanner

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက်လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကို ရွာလူထု အစည်းအဝေးခ်ဳ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့်

CamScanner

ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါ မည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်စုံမှ ပြန်လည် သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်း ရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများ ထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

CamScanner

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

၁။ ကျေးရွာလူမှုစီးပွားရေးအခြေအနေ

၁.၁။ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) အင်ပင်လ္ပကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ
၁ နှစ်အောက်	၁၁	၁၂	၂၃	၂.၁	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၄၁	၂၉	၇၀	၆.၃	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၂၉	၂၁	၅၄	၄.၉	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၄၇	၅၀	၉၇	၈.၇	အလယ်တန်းကျောင်းသားအရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၃၉၄	၄၀၄	၇၉၈	၇၂	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၁၉	၄၈	၆၇	၆	သက်ကြီးရွယ်ကြီး
စုစုပေါင်း	၅၄၁	၅၆၈	၁၁၀၉	၁၀၀%	
အိမ်ထောင်စုပေါင်း			၂၈၀		
တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေ			၃.၉၆		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ အုပ်ချုပ်ရေးမှူးနှင့်ကျေးရွာမှလူငယ်များမှ အုပ်ချုပ်ရေးမှူးအိမ်သို့တစ်ရွာလုံးကိုခေါ်၍ မေးမြန်းကောက်ယူထားခြင်းဖြစ်သည်။ လက်ရှိအိမ်ထောင်စုအသက်အရွယ်စာရင်းများသည် ၁၂. ၉. ၂၀၁၅ ရက်အထိသာ အတည် ဖြစ်သည်။ အိမ်ထောင်စုပေါင်း ၂၈၀ အိမ်ဖြစ်သည်။

၂။ ကျေးရွာတွင် လူဦးရေပေါင်း (၁၁၀၉) ဦး (ကျား ၅၄၁+ မ ၅၆၈) ဦး ရှိသည်။ လူဦးရေထူထပ်မှုမှာ တအိမ်ထောင်ပျှမ်းမျှ (၃.၉၆) ဖြစ်ပြီး မိသားစု ပျှမ်းမျှလူဦးရေ နည်းသည်ကို တွေ့ရပါသည်။

၃။ အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာ ၇၉၈ ဦး (၇၂%) ရှိသည်။ အမျိုးသမီး အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာ လည်း အမျိုးသားလူဦးရေထက် ၁၀ ဦး (၁.၃%) ပိုများသည်ကို တွေ့ရသည်။

၄။ အလုပ်လုပ်ကိုင်နိုင်သူ ဦးရေမှာ ၇၂% ရှိပြီး များသော်လည်း အလုပ်အကိုင်နှင့် ဝင်ငွေနည်းခြင်း၊ ဝင်ငွေပုံမှန် မရှိခြင်းတို့ကြောင့် မိသားစုအများစုမှာ ဆင်းရဲသည်ကို တွေ့ရသည်။

၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) အင်ပင်လ္ပကျေးရွာ၏ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁	*စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)*				
	ကိုယ်ပိုင် လုပ်ငန်း	၁၇၉			တောင်သူလုပ်ပြီး မွေးမြူရေး မလုပ် သူမှာ ၂၃ ဦးရှိပါသည်။
	အလုပ်သမား၊ ကျပန်း၊				

CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	ရာသီအလိုက် အလုပ်သမား:				
	မိသားစုဝင် လုပ်အား:				
၂	***တိရိစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း:	၆၂		၁၅၆	မွေးမြူရေး သီးသန့် လုပ်ကိုင်သူမှာ ၆၂ ဦး ဖြစ်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဘက် လုပ်ကိုင်သူမှာ ၁၅၆ ဦးဖြစ်ပါသည်။
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား:				
	မိသားစုဝင် လုပ်အား:				
၃	***ငါးဖမ်း လုပ်ငန်း:***				
	ကိုယ်ပိုင် လုပ်ငန်း:				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား:				
	မိသားစုဝင် လုပ်အား:				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း:***				
	ကိုယ်ပိုင် လုပ်ငန်း:				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား:				
	မိသားစုဝင် လုပ်အား:				
၅	**ထုတ်ကုန်လုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:	၆			ဆန်စက် ၁ လုံး၊ ဆီစက် ၁ လုံး၊ မုံ ဟင်းခါးဖတ်ထုတ်လုပ်ခြင်း လုပ်ငန်း: အစိုလုပ်ငန်း: ၁ ဦးနှင့်အခြောက်လုပ်ငန်း: ၂ ဦး။ ကုလားထိုင် လုပ်ရောင်းသူ ၁ ဦး။
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား:				
	မိသားစုဝင် လုပ်အား:				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး:***				
	ကိုယ်ပိုင် လုပ်ငန်း:				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား:				
	မိသားစုဝင် လုပ်အား:				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း:***				
	ကိုယ်ပိုင် လုပ်ငန်း:	၄	၉		လက်သမား ၃ ဦး၊ ပန်းရံ ၁၀ ဦး။

CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု %	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	အလုပ်သမား၊ ကျပန်း၊			
	ရာသီအလိုက် အလုပ်သမား			
	မိသားစုဝင် လုပ်အား			
၈	*ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး*			
	ကိုယ်ပိုင် လုပ်ငန်း			
	အလုပ်သမား၊ ကျပန်း၊			
	ရာသီအလိုက် အလုပ်သမား			
	မိသားစုဝင် လုပ်အား			
၉	*ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အင်္ကျီချုပ်၊ အင်္ကျင်နီယာ၊ သင်တန်းပေးသူ စသည်)*			
	ကိုယ်ပိုင် လုပ်ငန်း	၂၃	၁၃	ဆံပင်ညှပ်ဆိုင် ၂။ စက်ပြင် ၁။ စက်ချုပ် ၂၀။
	အလုပ်သမား၊ ကျပန်း၊			
	ရာသီအလိုက် အလုပ်သမား			
	မိသားစုဝင် လုပ်အား			
၁၀	*လက်လီ-လက်ကား ရောင်းဝယ်ရေး*			
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၁၃	တစ်ဆိုင်မှာအိမ်ဈေးဆိုင်အကြီး ဖြစ်ပြီး (၈)ဆိုင်မှာ အိမ်ဈေးဆိုင် အသေးဖြစ်သည်။ ပိုးသတ်ဆေးရောင်းသူ ၄ ဆိုင်၊ ရေရောင်းစားသူ ၈ ဆိုင်၊ ပဲပြုတ် သည် ၂၊ ထန်းသီးမုန့်၊ မုန့်လိပ်ပြာ သည် ၂ဦး၊ အကြော် သည် ၁ဦး၊ ကွမ်းယာသည် ၃ ဦး ဖြစ်သည်။
	အလုပ်သမား၊ ကျပန်း၊			
	ရာသီအလိုက် အလုပ်သမား			
	မိသားစုဝင် လုပ်အား			
၁၁	*ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*			
	ကိုယ်ပိုင် လုပ်ငန်း			
	အလုပ်သမား၊ ကျပန်း၊			
	ရာသီအလိုက် အလုပ်သမား			
	မိသားစုဝင် လုပ်အား			
၁၂	*ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*			
	ကိုယ်ပိုင် လုပ်ငန်း	၇		သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ် ကိုင်သူ ၇ ဦးရှိပြီး ၁ ဦးမှာ လိုင်း ကားနှင့်သုံးဘီးမောင်းသူ ဖြစ်ပြီး ၃ ဦးမှာ လိုင်းကား သီးသန့်မောင်းသူများဖြစ်

CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်

သည်။ အခြား ၃ ဦးမှာ သုံးဘီး သီးသန့်မောင်းသူများဖြစ်ပါသည်။

အလုပ်သမား၊ ကျပန်း၊
ရာသီအလိုက် အလုပ်သမား
မိသားစုဝင် လုပ်အား

၁၃ *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*
ကိုယ်ပိုင် လုပ်ငန်း
အလုပ်သမား၊ ကျပန်း၊
ရာသီအလိုက် အလုပ်သမား
မိသားစုဝင် လုပ်အား

၁၄ *အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*
ကိုယ်ပိုင် လုပ်ငန်း
အလုပ်သမား၊ ကျပန်း၊
ရာသီအလိုက် အလုပ်သမား
မိသားစုဝင် လုပ်အား

၁၅ ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် သေားကင်းလုံခြုံရေး)
ကိုယ်ပိုင် လုပ်ငန်း
အလုပ်သမား၊ ကျပန်း၊ ရဲ ၁ ဦး၊ စက်အင်ဂျင်နီယာ ၁
ရာသီအလိုက် အလုပ်သမား ဦး။
မိသားစုဝင် လုပ်အား

၁၆ *ပညာရေး*
ကိုယ်ပိုင် လုပ်ငန်း
အလုပ်သမား၊ ကျပန်း၊
ရာသီအလိုက် အလုပ်သမား
မိသားစုဝင် လုပ်အား

၁၇ *ကျန်းမာရေး*
ကိုယ်ပိုင် လုပ်ငန်း
အလုပ်သမား၊ ကျပန်း၊
ရာသီအလိုက် အလုပ်သမား
မိသားစုဝင် လုပ်အား

၁၈ *လူမှုရေး လုပ်ငန်းများ*
ကိုယ်ပိုင် လုပ်ငန်း
အလုပ်သမား၊ ကျပန်း၊ ရာသီ
အလိုက် အလုပ်သမား
မိသားစုဝင် လုပ်အား

၁၉ အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)
ကိုယ်ပိုင် လုပ်ငန်း ၅ ၂ နွားကျောင်းသူ ၅ ဦး၊

CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား		၁၄၅		ကောက်စိုက် ခေါင်းဆောင် ၂ ဦး။ မြေယာမဲ့ ၁၀၁ ဦး နှင့် စိုက်ပျိုးရေး မွေးမြူရေးမလုပ်သူ ၃၉၊ ထိုင်းနိုင်ငံ တွင်သွားရောက်အလုပ်လုပ် ကိုင်သူ ၅ ဦး။
	မိသားစုဝင် လုပ်အား				
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
	စုစုပေါင်း	၂၈၀	၁၀၀%	၃၄၈	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ လယ်သမား (၁၇၉) ဦး ရှိပြီး ၁၅၆ အိမ်ထောင်စုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်လုပ်ကိုင်သည်။

၂။ မွေးမြူရေးကို သီးသန့် လုပ်ကိုင်သူ (၆၂) ဦးရှိပြီး မြေယာမဲ့အိမ်ထောင်စုများဖြစ်သည်။

၃။ ကုန်ထုတ်လုပ်ငန်း ၆ ဦး၊ လက်သမားပန်းရံ ၁၃ ဦး၊ ဆံပင်ညှပ်၊ စက်ပြင်၊ စက်ချုပ်စသည် ကျွမ်းကျင် လုပ်ငန်း ၂၃ ဦး၊ ဈေးသည်နှင့် အရောင်းအဝယ် (၂၈) အိမ်၊ သယ်ယူပို့ဆောင်ရေး ၇ ဦး၊ အစိုးရဝန်ထမ်း ၂ ဦး၊ နွားကျောင်းလုပ်ငန်း ၅ ဦးနှင့် ကောက်စိုက်ခေါင်းဆောင် ၂ ဦး ရှိသည်။

၄။ အများစုမှာ တောင်သူများဖြစ်သော်လည်း လက်သမား၊ ပန်းရံ၊အစိုးရဝန်ထမ်း၊ ကျပန်း၊ ရာသီအလိုက် ရွှေ့ပြောင်းလုပ်သားစသဖြင့် လုပ်ငန်းမျိုးစုံကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့်လည်း အသက်မွေးကြရသည်။

၅။ ကျေးရွာတွင်မြေယာမဲ့ကျဇန်းသမားဦးရေ ၁၀၁ အိမ် (၃၆%) ရှိပြီး ကျပန်းနှင့် မွေးမြူရေးကို အဓိက လုပ်ကိုင်ကြသည်။ ရာသီအလိုက်ရွှေ့ပြောင်းလုပ်သားအလုပ်ကိုလည်း ကြုံသလိုလုပ်ကိုင်ကြရသည်။ ကျပန်း များမှာ ကျေးရွာအတွင်း ပျိုးနှုတ်၊ ကောက်ရိတ်၊ နမ်းနှုတ်၊ ပေါင်းထိုး၊ ပဲကောက်၊ ဓိုးသီးကောက်စသည့် လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ရွာအတွင်း အလုပ်မရှိပါက အခြားဒေသများဖြစ်သော နေပြည်တော်၊ မန္တလေး၊ မင်းလှ၊ ရခိုင်သို့ ပန်းရံ၊ လက်သမား၊ လမ်းလုပ်ငန်းများသွားရောက်လုပ်ကိုင်ကြပါသည်။

CamScanner

၆။ အထက်ပါဧယား၊တွင် လုပ်သားအင်အားစုစုပေါင်းမှာ ၆၂၈ ဖြစ်ပြီး အိမ်ထောင်စုအရေအတွက် ထက် ပိုများနေရခြင်းမှာ အလုပ်အကိုင်လုပ်ကိုင်နိုင်သည့် အရွယ်အားလုံးနီးပါး မိသားစုဝင်ငွေနှင့် စားဝတ်နေရေးအတွက် အလုပ် လုပ်ကြရသောကြောင့် ဖြစ်သည်။

၁.၃ သဘာဝ အရင်းအမြစ်များ

၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက)
လယ်မြေ	၂၅၇.၃၅	လတ်	ရ	အိုင်းမဆည်၏ တောင်မန်းမြောင်းနှင့် လက်တံ (၁) နှင့် (၂) တို့မှ ဆည် ရေရရှိပါသည်။ ၂၅၅.၈၅ ဧက ရေရရှိပါသည်။ မိုးကောင်း သောက်လယ် (၁.၅)ဧက ရှိပါသည်။
ယာမြေ	၁၇၂၅.၇	လတ်	မရ	မိုးကောင်းသောက်
ဥယျာဉ်ခြံမြေ	၁.၂၅	လတ်	မရ	မိုးကောင်းသောက်။ သရက်ခြံ
အိမ်ခြံဝင်းစိုက်ခင်း	-			
ရွှေပြောင်းတောင်ယာ	-			
ကိုင်း/ကျွန်းမြေ	-			
စားကျက်မြေ	-			
ပလပ်မြေ	၂၀	ညံ့	မရ	ကျေးရွာအတွက် ထင်းရှိုးရေးနှင့် တိရိစ္ဆာန်များ စားကျက်အဖြစ် အသုံးပြုသည်။
သစ်တောမြေ	-			
အခြား	၁	လတ်	မရ	သနပ်ခါးခြံ
စုစုပေါင်း	**၁၉၈၄.၃**			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် ယာမြေသည် အဓိကဖြစ်၍ စပါးစိုက်ပျိုးရန် လယ်မြေလည်းရှိသည်။ ယာမြေများတွင် နှမ်းသီးနှံ အဓိကစိုက်ပျိုး၍ မြေပဲနှင့်နေကြာကိုလည်း စိုက်ပျိုးကြပါသည်။ ပလပ်မြေမှာ ဧက၂၀ ခန့်ရှိပြီး၊ သဘာဝပေါက်ပင်များဖြစ်သော ရှား၊ ထနောင်း၊ ထောက်ကြံ့၊ အင်ကြင်းပင်များ ရှိပါသည်။ လက်ရှိသစ်တောတွင် ကျွဲ၊ နွား၊ တိရိစ္ဆာန်များ လွတ်ကြောင်းစားကျက်ဖြစ်သည်။ သီးသန့် စားကျက်မရှိပါ။

၂။ လယ် ၂၅၇.၃၅ ဧကမှာ အိုင်းမဆည်၏ တောင်မန်းမြောင်းဆည်ရေသောက်ဖြစ်သော်လည်း ယာမြေများ အားလုံးတို့သည် မိုးရေသောက်ဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် ရာသီဥတုကို မှီနေ

CamScanner

ရသည်။ လယ် (၂၅၇.၃၅) ဧကနှင့် ယာမြေ (၁၇၂၅.၇) ဧက၊ ဥယျာဉ်ခြံမြေ ၁.၂၅ ဧက၊ ပလပ်မြေ ၂၀ ဧက၊ အခြား ၁ ဧက၊ စုစုပေါင်း ၁၉၈၄.၃ ဧက ရှိ သည်။

၁.၃.၂ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ခဲတိုင်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ခါတ်သတ္တု(ကျောက်၊ သဲ)	မရှိ	လက်လှမ်းမမှီ
အခြားသဘာဝအရင်းအမြစ်		
တိရိစ္ဆာန်မျိုးစိတ်များ	သင့်	လွယ်
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	လွယ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ရွာပတ်လည်တောင်မှ ငှက်မျိုးစုံ၊ ယုန်၊ တောကြောင်၊ ခါ ၊ ငုံး၊ တောကြက်၊ ချိုး၊ ကြက်တူရွေး၊ ခို၊ မျောက်၊ မျှစ်၊ ဝါးနှင့် ဆေးဖက်ဝင်အပင်များ၊ ဟင်းသီး/ရွက်များရှိသော်လည်း ရှားပါးလာသည်။ တိရိစ္ဆာန်များလည်း ရှားပါးလာသည်။ လက်လှမ်းမီနိုင်မှု တဖြည်းဖြည်း ခက်လာသည်။

၂။ တောတောင်များမှာ သဘာဝသစ်ပင်များလျော့နည်းလာသည်။ ဖမ်းဆီးမှုများကြောင့် တိရိစ္ဆာန်မျိုးစိတ်များ လျော့နည်းလာသည်။ ထင်းအတွက်သစ်ခုတ်မှုများရှိပြီး သဘာဝဆေး ဘက်ဝင်ပင်များ လျော့နည်းလာသည်။

၁.၄ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း: အဆင့်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	ယာ - ၃၀ဧက လယ် - ၁၂ဧက	ယာ - ၁၅ - ၂၀ ဧက လယ် - ၂ - ၅ ဧက	ယာ - ၂ ဧကအောက် လယ် - မရှိ	ယာ - မရှိ လယ် - မရှိ
အိမ်အခြေအနေ	သွပ်မိုး/ပျဉ်ထောင်/ ပျဉ်ခင်း/တိုက်ခံ အိမ်/ နှစ်ထပ်အိမ်	သွပ်မိုး/ထရံကာ/ ကြမ်းခင်း/နှစ်ထပ်	သွပ်ပါး/သင်္ကန်း မိုး/ကြမ်းခင်း/ ထရံကာ/ တစ်ထပ်	သင်္ကန်းမိုး/ ကြမ်းခင်း/ ထရံကာ/ တစ်ထပ်
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	ထွန်စက်ကြီး ၁စီး၊ လက်တွန်းထွန်စက် ၁စီး၊ စပါးခွေစက်၊ နွားစာစဉ်းစက်၊	လက်တွန်းထွန်စက်၊ နွားစာစဉ်းစက်၊ မြက်ရိတ်စက်၊ ရေစုပ်စက်၊ နွားလှည်း ၂	ပေါက်တူး/ ပေါက်ပြား/ ဓား	ပေါက်တူး/ ပေါက်ပြား/ ဓား

CamScanner

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
	မြက်ရိတ်စက်၊ ရေစုပ်စက် ၁ လုံး၊ နွားလှည်း၃စီး၊ ထွန်ထယ်ကိရိယာ	စီး၊ ထွန်ထယ်ကိရိယာ		
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ကား၁စီး၊ သုံးဘီးဆိုင်ကယ်၁စီး၊ ဆိုင်ကယ်၂စီး၊ စက်ဘီး ၁စီး၊ တီဗွီ ၁လုံး၊ ဒီဗွီဒီ၊ စလောင်း၁လုံး၊ ရေဒီယိုဘလုံး၊ ဖုန်း၂လုံး၊ဆိုလာအကြီး	ဆိုင် ကယ်၁စီး၊ စက်ဘီး ၁စီး၊ ခေါက် တီဗွီ၊ ရေဒီယိုဘလုံး၊ ဖုန်း ၁လုံး၊ ဆိုလာ အသေး	ဆိုင် ကယ်၁စီး၊ စက်ဘီး ၁စီး၊ ခေါက် တီဗွီ၊ ရေဒီယိုဘလုံး၊ ဖုန်း ၁လုံး၊ ဆိုလာ အသေး	ရေဒီယိုဘလုံး
အဓိကစီးပွားရေးလုပ်ငန်း၊ တနှစ်ဝင်ငွေ	သိန်း ၂၀ - ၅၀	သိန်း ၈ - ၂၀	သိန်း ၃ - ၈	ပုံမှန်ဝင်ငွေမရှိ ၃ သိန်းအောက်
အခြားပိုင်ဆိုင်မှု	ခိုင်းနွား- ၆ကောင်၊ နွားမ ၂ ကောင်၊ ကြက် ၅ ကောင်	ခိုင်းနွား- ၂ကောင်၊ နွားမ ၁ ကောင်၊ ကြက် ၃ ကောင်	နွားမ ၁ ကောင်၊ ကြက် ၅ ကောင်	ကြက် ၃ ကောင်
အိမ်ထောင်စုပေါင်း ၂၈၀ အိမ်	**၉ အိမ် (၃.၂%)**	**၂၈ အိမ် (၁၀%)**	**၁၁၅ အိမ် (၄၁.၈%)**	**၁၂၆ အိမ် (၄၅%)**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသား‌များ‌ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း‌မှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာ၏ အခြေအနေကို လေ့လာသုံးသပ်ပြီး ကျေးရွာလူထုမှ ပိုင်ဆိုင်မှု၊ လုပ်ငန်း၊ ဝင်ငွေ၊ နေထိုင်စား သောက်မှု၊ ဝမ်းစာ ဖူလုံမှု၊ အကြွေးတင်မှုတို့အပေါ် အခြေခံ၍ သတ်မှတ်ခွဲခြားထားခြင်း ဖြစ်သည်။

၂။ ကျေးရွာသူ/သား‌များ‌ကိုယ်တိုင် ပူးပေါင်းပါဝင်ဆုံးဖြတ်သော ဓနဥစ္စာအဆင့်အနေအထားအရ ဆင်းရဲနှင့် ဆင်းရဲဆုံးအိမ် ထောင်စုမှာ စုစုပေါင်း (၂၄၃) အိမ် (၈၆.၈%) ရှိပြီး‌အများစုမှာ ဆင်းရဲသား‌များ ဖြစ်ကြသည်။ ကျန် ၃၇ အိမ် (၁၃.၂%) မှာ အဆင်ပြေနှင့် အလယ်အလတ်တန်းစား မိသား‌စုများ ဖြစ်သည်။

၃။ ဓနဥစ္စာအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုမှာ အရေးပါသည် ကို တွေ့ရသည်။

CamScanner

၁.၅ ထိခိုက်လွယ်မှု

၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၁၉၂	၆၈.၆	လုပ်အား သို့မဟုတ် အကြွေးဖြင့် ဝယ်ယူစား သုံးကြသည်။
၃လနှင့် ၅လအထိ	၄၁	၁၄.၆	တချို့ကိုယ်တိုင်စပါးစိုက်ပျိုးကြသည်။
၆လမှ ၁၂လအထိ	၄၇	၁၆.၈	စပါးစိုက်ပျိုးပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာတွင် အိမ်ထောင်စုပေါင်းမှာ ၂၈၀ ဖြစ်ပါသည်။ ကျေးရွာတွင် အဆင့် (၁) အိမ်ထောင်စု ၉ အိမ်၊ အဆင့် (၂) အိမ်ထောင်စု ၂၈ အိမ်၊ အဆင့် (၃) အိမ်ထောင်စု ၁၁၇ အိမ်၊ အဆင့် (၄) အိမ်ထောင်စု ၁၂၆ အိမ် ရှိပါသည်။ အဆင့် ၁+၂ မှာ ၃၇ ဖြစ်၍ အဆင့်၃+၄ မှ ၁၀ ဦး မှာ စပါးစိုက်ပျိုးသောကြောင့် ၆လ မှ ၁၂ လ အထိ ဝမ်းစာဖူလုံမှု အိမ်ထောင်စုအရေအတွက်မှာ ၄၇ ဖြစ်ပါသည်။ အဆင့်၃+၄ မှာ၂၄၃ ရှိသော်လည်း ၃ လအောက် ဝမ်းစာဖူလုံမှု အိမ်ထောင်စု အရေအတွက် ၁၉၂ ဖြစ်ရခြင်းမှာ တချို့ကိုယ်တိုင် စပါးစိုက်ပျိုးကြသောကြောင့် ဖြစ်ပါသည်။

၂။ တနှစ်စာ ဝမ်းစာဖူလုံသူ (၄၇) အိမ်သာရှိသည်။ ကျန် (၂၃၃) ဦးမှာ မြေယာပိုင်ဆိုင်မှုနည်းပြီး နွေစား၊ အငှါး လုပ်အားခ ရငွေဖြင့် နွေစည်၊ အပါတ်စဉ် ဝယ်ယူစားသုံးကြသည်။ အခက်အခဲရှိပါက လုပ်အားခ ကြိုရောင်းပြီး ဖြေရှင်းကြသည်။

၃။ ၃ လအောက် ဝမ်းစာဖူလုံသူများမှာ ကျပန်းသမားမြေယာမဲ့နှင့် တောင်သူငယ်များဖြစ်သည်။ ကျေးရွာ မိသားစု၏ ၇၀ အိမ်ထောင်စု ၄၆.၁% မှာ ကျန်လများအတွက်အကြွေးယူခြင်း၊ လုပ်အားခ ကြိုတင်ရောင်းချခြင်းဖြင့် ပြန်ဆပ်ကြ၊ ဖြေရှင်းကြသည်။ နွေစားလုပ်အားခဖြင့် ဝယ်စားကြပြီး တရက်စာစား သောက်ကြသည်။ နပ်မှန်အောင်စားသုံးကြပြီး ထမင်းကိုသာလျှော့စားကြသည်။ လုပ်ခဖြင့်ရသလောက်ဝယ်ပြီး မျှစားကြသည်။ လုပ်အားကိုကြိုရောင်းပြီး ဆန်ဖြင့် လဲလှယ် စားသုံးကြသည်။

၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၄	၁၇	၂၁
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	၂	-	၂
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင်သော	ဆင်းရဲ၍မိသားစုဦးရေများ	၅		

CamScanner

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
အိမ်ထောင်စု				
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲမြီသားစုဦးရေများ		၁	
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွား ရောက် နေထိုင်လုပ်ကိုင်နေသူ		၂	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ အသက်ကြီးပြီးစီးပွားရေးအဆင်မပြေ၊ လုပ်ကိုင်ကျွေးမည့်သူမရှိ၊ ရှိသော်လည်းစားဝတ်နေရေး အဆင်မပြေသူများဖြစ်သည်။ မသန်မစွမ်းမှာ ၂ဦးရှိပြီး၊ ၁ ဦးမှာ ခြေမကောင်းသူ၊ နောက် ၁ ဦးမှာ ပိုလီယိုသမားဖြစ်သည်။

၂။ မိသားစုဝင်များပြီး အမျိုးသမီး ဦးဆောင်သောအိမ်ထောင်စု ၅ ဦး၊ ဆင်းရဲသော မုဆိုးဖို ၁ ဦး၊ အခြားဒေသ သို့သွားရောက်လုပ်ကိုင်သူ ၂ ဦးရှိသည်။

၂။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု ၅ ဦး တွင် ၅ ဦးလုံးမှာ မိသားစုများသဖြင့် ဝမ်းစာမဖူလုံကြပါ။

၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
စီးပွားရေး			
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	အဆင့် (၄) သမားများမှာ စားဝတ်နေရေး အလွန်ပင် ခက်ခဲကြသည်။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	လတ်	စိုက်ပျိုးမြေတိုးချဲ့ရန် မြေလွတ်၊ မြေရိုင်းများ မရှိ။
ကျန်းမာရေး			
၃	ငှက်ဖျားရောဂါ	နိမ့်	ယခင်ကအဖြစ်များ၍ လက်ရှိတွင် အဖြစ်နည်းပါသည်။
၄	တီဘီရောဂါ	နိမ့်	အဖြစ်နည်းပါသည်။
၅	ကိုယ်ခံအားကျဆင်းမှု ရောဂါ	မရှိ	မရှိပါ။
လူမှုရေး			
၆	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	မရှိ	မရှိပါ။
၇	လူကုန်ကူးခြင်း	မရှိ	မရှိပါ ။
၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည်	လတ်	မင်းဘူးမြို့နှင့်ဝေး၍လန်းပန်းဆက်သွယ်ရေး မကောင်းပါ ။ မြို့နှင့် ၁၂ မိုင်ခန့် ဝေးပါသည်။
ပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်			
၉	ရေကြီးခြင်း	မြင့်	၂၀၁၅မိုးဦးပိုင်းတွင် မိုးများပြီး သီးနှံများပျက်စီးခဲ့

CamScanner

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			ပါသည်။
၁၀	မိုးခေါင်ခြင်း	လတ်	၂၀၁၅ မိုးနှောင်းပိုင်းတွင် မိုးခေါင်၍ စိုက်ချိန်နောက်ကျ ခဲ့ရပါသည်။
၁၁	မုန်တိုင်း	မရှိ	မဖြစ်ပါ။
၁၂	ငလျင်	နိမ့်	အဖြစ်နည်းပါသည်။
၁၃	မီးဘေး	နိမ့်	မဖြစ်ပါ။
၁၄	ဆားငံရေဝင်မြေ	မရှိ	မရှိပါ။
၁၅	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်း မှု	မရှိ	မရှိပါ။
၁၆	သစ်တောပြုန်းတီးခြင်း	မြင့်	ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း
၁၇	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် ဝမ်းစာမဖူလုံခြင်း၊ သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) ရေကြီးခြင်း၊ မိုးခေါင် ခြင်း၊ မြေဆီလွှာပျက်စီးခြင်းနှင့် သစ်တောပြုန်းတီးခြင်းတို့သည် ထိခိုက်လွယ်မှုမြင့်သည်။
၂။ စိုက်ပျိုးမြေနည်းခြင်း၊ ရာသီဥတုဖေါက်ပြန်ခြင်းတို့ကြောင့် သီးနှံအထွက်နှုံးနည်းသဖြင့် ဝမ်းစာဖူလုံမှု မရှိကြပါ။

၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	စီးပွားရေး၊ ပညာရေး နည်းပါးသော လူငယ်များ ဖြစ်သည်။
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	မြင့်	မိသားစုဝင်များပြီးဝင်ငွေနည်းပါးပါသည်။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်	လုပ်ကိုင်စားသောက်မည့် လယ်ယာမြေမရှိခြင်း၊ စီးပွားရေး အဆင်မပြေ ခြင်း
၄	သားကောင်ဆေးခန်းဆိုးရွားစွာကျ ရောက်နိုင်သောဒေသ/ကူးစက်ရောဂါ ထူပြောသော ဒေသတို့တွင်နေထိုင်သူများ	-	
၅	မြစ်ကမ်းဘေးနေလူထု	-	
၆	မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	-	
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	-	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	-	
၉	ငါးကန်ပိုင်ရှင်	-	

CamScanner

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	အလုပ်အကိုင်အမြဲတမ်းမရှိခြင်း၊ ဝင်ငွေနည်းပါး ခြင်း
၁၁	လူနည်းစုလူမျိုးများ	-	
၁၂	အေသတွင်းပဋိပက္ခဧရိယာတွင်နေသူများ	-	
၁၃	နယ်စပ်အေသတွင်နေသူများ	-	
၁၄	ရွှေတွင်းလုပ်သား	-	
၁၅	ဆေးစွဲသူများ	-	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	-	
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	-	
၁၈	ရွှေပြောင်းလုပ်သားများ	-	
၁၉	ကားသမား	နိမ့်	ရွာနှင့်မြို့သာမောင်းသူများဖြစ်သည်။
၂၀	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ စီးပွားရေး၊ ပညာရေးနည်းပါးသော လူငယ်များသည် လူတောမတိုးရဲသော စိတ်ခံစားမှုများ ရှိသည်။ အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စုများမှာ မိသားစုဦးရေများပြီး ဝင်ငွေနည်းပါးပါသည်။ မြေမဲ့ယာမဲ့ ဆင်းရဲသားများသည် ဝင်ငွေနည်းပါးပြီး ပုံမှန်လုပ်ငန်းမရှိပါ။

၂။ ပညာအရည်အချင်းနည်းပါး၍ အလုပ်မရရှိသော လူငယ်များ၊ ကလေးများ၍ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ မြေယာမဲ့လက်လုပ်လက်စားများ၊ ရွှေပြောင်းလုပ်သားများ စားဝတ်နေရေး အဆင်မပြေသူများသည် ထိခိုက်လွယ်ကြသည်။

၃။ လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ ဆင်းရဲသား တောင်သူများ၊ ကျပန်းများသည် ပုံမှန်အလုပ်နှင့် ပုံမှန်ဝင်ငွေမရကြသောကြောင့် ထိခိုက်လွယ်ဆုံးမိသားစု၊ အုပ်စုများဖြစ်သည်။

၂။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

၂.၁.၁ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီ အစဉ်ကျသောမူဝါဒ ချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

CamScanner

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅)	စွမ်းဆောင် နိုင်မှု(၆/၇/၈)
			ကျား	မ	ပေါင်း			
၁	အုပ်ချုပ်ရေးမှူး အဖွဲ့	၂	၂၈	-	၂၈	အထွေထွေအုပ်ချုပ်ရေး	၁	၆
၂	အထောက်အကူပြုအဖွဲ့	၂	၁	-	၁	ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ	၁	၆
၃	မြစိမ်းရောင် ကော်မတီ	၁	၅	၂	၇	ချေးငွေလုပ်ငန်း	၁	၇
၄	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	၂	၇	-	၇	ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ	၁	၆
၅	သမကော်မတီ	၁	၅	-	၅	ငွေချေးလုပ်ငန်း	၁	၇
၆	စိုက်ဘဏ် ကော်မတီ	၁	၂	-	၂	ငွေချေးလုပ်ငန်း	၁	၇
၇	လယ်စီ ကော်မတီ	၁	၅	-	၅	မြေယာ ကိစ္စများ ဖြေ ရှင်းပေးခြင်း	၁	၇
၈	လမ်းကော်မတီ	၂	၅	-	၅	ကျေးရွာလမ်းပြုပြင် ခြင်းလုပ်ငန်း	၄	၇
၉	အရံမီးသတ်	၂	၃၀	-	၃၀	မီးဘေးကာကွယ်ရန်	၄	၆
၁၀	ဝတ်ရွတ်အဖွဲ့	၃	-	၄၀	၄၀	ဘာသာရေး	၄	၇
၁၁	ပက်မြန်မာ ကော်မတီ	၁	-	၄	၄	ငွေစုငွေချေးခြင်းလုပ်ငန်း	၅	၇
၁၂	ရပ်မိရပ်ဖအဖွဲ့	၂	၅	-	၅	ရပ်ရေးရွာရေး လုပ်ငန်း	၄	၇
၁၃	ကျောင်း ကော်မတီ	၂	၇	-	၇	ပညာရေး	၄	၇
၁၄	ဂေါပကအဖွဲ့	၃	၅	-	၅	ဘာသာရေး	၄	၇
၁၅	ကာလသား အဖွဲ့	၂	၉၀	-	၉၀	သာရေး၊ နာရေး	၄	၇

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

CamScanner

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းရှိ အဖွဲ့များ

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာမှာငယ်သော်လည်း အဖွဲ့အစည်းပေါင်း ၁၅ ဖွဲ့ရှိသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းအားလုံးကို ကျေးရွာသူ /သားများ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

၂။ ၎င်းအဖွဲ့ ၁၅ ဖွဲ့အနက် ၇ ဖွဲ့သည် ကျေးရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာ၏ လိုအပ်ချက်အရ ဖွဲ့စည်းထားသော အဖွဲ့များဖြစ်သဖြင့် ပြင်ပမှလာရောက်ဖွဲ့ပေးသော အဖွဲ့များထက် ပိုမို တောင့်တင်းပြီး လုပ်ငန်းလည်ပတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဦးဆောင်မှု၊ စည်းရုံးမှု၊ အဖွဲ့ဝင်များ၏ ပူးပေါင်းပါဝင်မှု၊ ရေရှည်တည်တံ့မှု ပိုမို ကောင်းမွန်သည်။

၃။ ကျေးရွာရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကော်မတီဖွဲ့ရာတွင် အမျိုးသမီးနှင့် လူငယ်ပါဝင်ခွင့် အားနည်းနေသေးပြီး အဖွဲ့များ စုစည်းမှုမရှိပဲ သီးခြားစီရပ်တည်နေကြသည်။

၄။ အုပ်ချုပ်ရေးမှူးအဖွဲ့၊ အထောက်အကူပြုအဖွဲ့၊ လယ်စီကော်မတီအဖွဲ့များသည် ကျေးရွာလူထု သဘောဖြင့် ရွေးချယ်ထားပြီး ထွေအုပ်မှဖွဲ့ပေးထားခြင်းဖြစ်သည်။

၅။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာရန်ပုံငွေလည်ပတ်ခြင်းလုပ်ငန်းများကို ဦးဆောင်၍လုပ်ဆောင်ပေးသည်။ ကျေးရွာရန်ပုံငွေမှာ (၂၄) သိန်းရှိပြီး၊ ငွေစုခဲ့တာ (၁၃) နှစ် ကြာခဲ့ပြီး မတည်ငွေဖြင့် Save the children အဖွဲ့မှ မတည်ငွေ ၁၅၀, ၀၀၀ ကျပ်၊ ကျေးရွာမှ အသင်းဝင်ကြေးတစ်ဦးလျှင် ၅၀၀ ကျပ်ဖြင့်စုခဲ့ရာစုငွေ ၁၀၀,၀၀၀ကျပ်၊ စုစုပေါင်း ၂၅၀,၀၀၀ ကျပ်ဖြင့်စ၍ မတည်ခဲ့ကြသည်။ တစ်ဦးကို ၁၀,၀၀၀ ကျပ်ချေးလျှင် ၁၅၀၀ ကျပ် အတိုး ယူသည်။ ယခုလက်ရှိမှာ အတိုး ၁၀၀၀ ကျပ်ဖြစ်ခဲ့သည်မှာ ၃ နှစ်သာ ရှိသေးသည်။ (၄) လ ကြာလျှင်ပြန်ဆပ်ရသည်။ တစ်ရွာလုံးကို အလှည့်ကျငွေချေးပေးသည်။ ကျေးရွာရန်ပုံငွေမှလည်း ကျေးရွာအတွက် လိုအပ်ပါက အသုံးပြုကြသည်။ ယခုလက်ရှိမှာ (၁၂၄) ဦး ငွေချေး ထားသည်။

၆။ဝတ်ရွတ်အဖွဲ့မှာ ဝါတွင်းတိုင်း၊ အဖိတ်၊ ဥပုသ်နေ့တိုင်းဝတ်ရွတ်လေ့ရှိပါသည်။ အသံချဲ့စက်ဖြင့် ရွာလယ်မှာရုံတွင် ဝတ်ရွတ်ရပါသည်။ အသံချဲ့စက်ကို ငှားရမ်းရပါသည်။ ဝတ်ရွတ်အဖွဲ့ပိုင်အသံချဲ့စက်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

သ	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ နှင့် အစီအစဉ်
၁	စိုက်ဘဏ်	အစိုးရ	စိုက်ပျိုးရေးချေးငွေထုတ်ချေးပေး
၂	သမ	အစိုးရ	စိုက်ပျိုးရေး၊ မွေးမြူရေး သမ ချေးငွေ ထုတ်ချေးပေးခြင်း

CamScanner

သ	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ နှင့် အစီအစဉ်
၃	မြစိမ်းရောင်	အစိုးရ	မြစိမ်းရောင်ချေးငွေထုတ်ချေးပေးခြင်း
၄	ပက်မြန်မာ	၂	စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားလုပ်ငန်းအတွက် ငွေ ထုတ်ချေးပေးခြင်း။
၅	ကျေးလက်ဒေသ ဖွံ့ဖြိုးရေး	အစိုးရ	လမ်းခင်းပေးခြင်း။
၆	ဆည်မြောင်းဌာန	အစိုးရ	တံတားပြုလုပ်ပေးခြင်း။

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသား‌များကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

ကျေးရွာနှင့် အဆက်အသွယ် ပြုနေသော ပြင်ပ အဖွဲ့အစည်းများ လေ့လာတွေ့ရှိချက်။

၁။ စိုက်ဘဏ်အဖွဲ့မှ အဖွဲ့ဝင် (၁၅၀) ခန့်ရှိသည်။ အတိုးမှာ (၄၂) ပြား‌တိုးဖြစ်သည်။ (၇) လ တစ်ကြိမ် ပြန်ဆပ်ရသည်။ စိုက်ဘဏ်မှငွေထုတ်ချေးသောအခါ ချေးငွေမှာ တခါတရံအချိန်မီရရှိသော်လည်း တခါတရံ အချိန်မီ မရနိုင်ကြပါ။

၂။ သမကော်မတီမှာလက်ရှိတွင်စိုက်သမငွေပဲချေးပေးသည်။ အတိုးမှာ ၁ ကျပ် ၁၅ ပြား‌တိုးဖြစ်သည်။ တစ်ဦးလျှင် ၁၀၀,၀၀၀ ကျပ် ချေးပေးသည်။ အသင်းဝင်ကြေး ၅၀၀၀ ကျပ်ပေးရသည်။ ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင် ၅၀ ဦးရှိသည်။ ပထမ အကြိမ်ပြန်ဆပ်ပြီး ဒုတိယ အကြိမ်တွင် လူဦးရေကိုကြည့်ပြီး ၂၀၀,၀၀၀ ကျပ်၊ ၃၀၀,၀၀၀ ကျပ် ငွေချေးပေးသည်။ (၆) လနေလျှင် ပြန်ဆပ်ရသည်။ သမမွေးမြူရေး ငွေထုတ်ချေးရန် ရှိသည်။

၃။ မြစိမ်းရောင်အဖွဲ့မှ အဖွဲ့ဝင် (၂၇၉) ဦး၊ အတိုး (၁) ကျပ်တိုး၊ တစ်လလျှင် တစ်ကြိမ် အတိုး ပြန်ဆပ်ရပါသည်။ အရင်းကို တစ်နှစ်ပြည့်လျှင်ပြန်ဆပ်ရပါသည်။ အဖွဲ့ကို ၂၀၁၅ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ပါသည်။

၄။ ပက်မြန်မာအဖွဲ့တွင် အဖွဲ့ဝင် (၁၅၀) ဦးရှိပြီး အတိုးမှာ တစ်ကျပ် တစ်ဆယ့်ငါးပြား‌တိုးဖြစ်သည်။ (၁၄) ရက်လျှင်တစ်ကြိမ်ပြန်ဆပ်ရသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားစီးပွားရေး လုပ်ငန်းများအတွက် ငွေချေး ပေးသည်။

၅။ ကျေးလက်အဖွဲ့မှ လက်ရှိလမ်းပြုပြင်နေဆဲဖြစ်ပါသည်။ ကျေးရွာမှ မင်းဘူးသို့သွားသောလမ်း ဖြစ်သည်။ ဆည်မြောင်းဌာနမှ တံတားပြုလုပ်နေဆဲဖြစ်ပါသည်။

CamScanner

၂.၂ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

၂.၂.၁ သီးနှံထုတ်လုပ်ရေး

၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား:	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၀၁	၃၆.၀၇	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ဟက်တာထိ)	၁၁	၃.၉၃	ဆင်းရဲသားတောင်သူ
၃	၂.၅ကမှ ၅ ဧကထိ(၂ ဟက်တာထိ)	၃၂	၁၁.၄၃	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟက်တာထိ)	၈၄	၃၀	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟက်တာနှင့် အထက်)	၅၂	၁၈.၅၇	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း:	**၂၈၀**	**၁၀၀ %**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ဥစ္စာအဆင့် ၃ နှင့် ၄ တွင်ရှိသော မိသားစုများမှာမြေယာမဲ့နှင့် ၂.၅ ဧကအောက် တောင်သူငယ်များဖြစ်ပြီး ၁၄၄ ဦး (၅၁.၄%) ခန့်ရှိသည်။ ၎င်းတို့မှာ လယ်ယာလုပ်ငန်းခွင်တွင် လည်းကောင်း၊ လက်သမား၊ ပန်းရံကျဗန်းနေ့စားအဖြစ်လည်းကောင်း လုပ်ကိုင် စားသောက်ကြသည်။

၂။ ၁၃၆ အိမ်ထောင်စု (၄၈.၅၇%) သာလျှင် လယ်နှင့်ယာကို ၅ ဧကအထက် ပိုင်ဆိုင်လုပ်ကိုင်ကြပြီး ၆ လ အထက် ဝမ်းစာဖူလုံကြသည်။

၃။ ပြေလည်နှင့် အလယ်အလတ်အဆင့်ရှိသူများသာ လယ်မြေနှင့် စိုက်ပျိုးရေးသုံး စက်ကိရိယာများကို ပိုင်ဆိုင်ပြီး ဝမ်းစာဖူလုံမှုရှိသည်။

၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့်ပုဂ္ဂလိက	ရေသောက်ဧက	ရှိနိုင်မှု(တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဆည်	အစိုးရ	၂၅၅.၈၅ဧက	တနှစ်ပတ်လုံး

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။လယ်မြေများတွင်သာ ရေရရှိပါသည်။ အိုင်းမဆည်၏ တောင်မန်းမြောင်း နှင့် လက်တံ (၁)၊ (၂) တို့မှ ဆည်ရေ ရရှိပါသည်။ ၂၅၅.၈၅ဧက ရေရရှိပါသည်။

CamScanner

၂.၂.၁.၃ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ကေ	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နို့မ်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နို့မ်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
နှမ်း		တင်း	၂	၇	၄.၅	မေလမှ ဩဂုတ် လ (၃ လမှ ၄လ)	မြင့်	မြင့်	မိုးနှမ်း
မြေပဲ		တင်း	၁၅	၅၀	၃၂.၅	ဩဂုတ်လမှ နိုဝင်ဘာလ (၄ လ)	မြင့်	လတ်	မိုးမြေပဲ
စပါး	၂၅၈.၈၅	တင်း	၅၀	၈၀	၆၅	ဝါခေါင်မှ တန် ဆောင်မုန်း (၄-၅ လ)	လတ်	လတ်	မိုးစပါး

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။

၁။ နှမ်းသီးနှံကို အဓိကထားစိုက်ပျိုးကြသည်။ သီးသန့်စနစ်စိုက်ပျိုးသည်။ မျိုးများမှာစမုံနက်၊ မဂျမ်းတော၊ အဖြူ မျိုးတို့ ဖြစ်သည်။ နှမ်း တစ်တတင်း ရောင်းရငွေမှာ ၆၈၀၀၀ ကျပ်(စမုံနက်)၊ ၃၆၀၀၀ ကျပ် (မဂျမ်းတော) ဖြစ်ပါ သည်။ မြေပဲကို သီးသန့်စနစ်စိုက်ပျိုးကြသည်။

၂။ မြေပဲရောင်းရငွေ မှာ အတောင့်တစ်တင်းလျှင် ၅၀၀၀ ကျပ် ဖြစ်ပါသည်။ တွန်တာနီ၊ ဗီယက်နမ် မျိုးများ စိုက်ပျိုးကြသည်။

၃။စပါးကိုဝမ်းစာအဖြစ် အဓိကထား စိုက်ပျိုးသည်။ မနောသုခ၊ ဧရာမင်းမျိုးများကိုစိုက်ပျိုးကြသည်။

၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်	၃	ပုဂ္ဂလိက	၄ား:ရမ်း:ခ = တစ်ဧက ကို၁၂၀၀၀ ကျပ်
ရိတ်သိမ်းစက်	-	-	
လက်တွန်းထွန်စက်	၂၄	ပုဂ္ဂလိက	၄ား:ရမ်း:ခ = တစ်ဧက ကို၁၅၀၀၀ ကျပ်
ခြေလှေစက်	၃	ပုဂ္ဂလိက	၄ား:ရမ်း:ခ = စပါးတစ်တင်း ကို ၂၅၀ ကျပ်
ရေစုပ်စက်	၁၀	ပုဂ္ဂလိက	၄ား:ရမ်း:ခ = တစ်နာရီ ကို၂၅၀၀ ကျပ်
ခြေနင်းရေတင်စက်	-	-	
မျိုးစေ့ချစက်	-	-	
မြက်ရိတ်စက်	၁၈	ပုဂ္ဂလိက	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

CamScanner

လေ့လာတွေ့ရှိချက်။

၁။ ထွန်စက်ကို ယာမြေ၊ လယ်မြေများတွင်အသုံးပြု၍ လက်တွန်းထွန်စက်ကို လယ်မြေပြင်ချိန်တွင် အဓိကထား အသုံးပြုပါသည်။ ရေစုပ်စက်ကို ရေမတက်သော လယ်ကွက်များတွင် အသုံးပြုကြပါသည်။

၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ သြဇာ)	မရှိ	စိုက်ပျိုးမြေ ထပ်မံ၍ တိုးချဲ့ မရနိုင်ပါ။
ရေအရင်းအမြစ်	ရှိ	ဆည်ရေ ရရှိသည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	မရှိ	နွားချေးကိုလယ် မြေ ၊ယာမြေများတွင် ထည့်သွင်းသော်လည်း လုံလောက်မှု မရှိပါ။
သြဂဲနစ်ပိုးသတ်ဆေး	မရှိ	ဓါတုပိုးသတ်ဆေးကိုသာသုံးစွဲ ကြသည်။
ချေးငွေရရှိမှု	ရှိ	လယ်ကို တစ်ဧက ၁သိန်း နှင့် ယာကို တစ်ဧက ၂ သောင်းအား စိုက်ဘဏ်မှ ထုတ်ချေးပေးပါသည်။ ၇ လကြာလျှင် ပြန်ဆပ်ရသည်။ အတိုးနှုန်းမှာ ၄၄ ပြားနှုန်း ဖြစ်သည်။ ပုံစံ ၇ ရှိမှငွေထုတ်ချေးပါသည်။ သမမှလည်း အသင်း ဝင်သူများကို ထုတ်ချေးပါ သည်။ တရွာလုံးမှာ ၅၀ ဦးထက် ပိုမရပါ ။ ၆ လကြာလျှင် ပြန်ဆပ်ရသည်။ အတိုးနှုန်းမှာ ၁ ကျပ် ၁၅ ပြား ဖြစ်သည်။ ပုံစံ ၇ ပြရသည်။ ပက်မြန်မာမှလည်းထုတ်ချေး ပါ သည်။ ၁၄ ရက်တကြိမ် အရစ်ကျ ဖြင့် ၆ လအတွင်း ပြန်ဆပ်ရသည်။ အတိုးနှုန်း မှာ ၁ ကျပ် ၁၅ ပြား ဖြစ်သည်။
သွင်းအားစုဈေးကွက်	ရှိ	ရွာမှာ ပိုးသတ်ဆေးအရောင်း ကိုယ်စားလှယ်ရှိသည်။
ဝန်ဆောင်မှုဈေးကွက်	ရှိ	ထွန်ရေး ထယ်ရေး ကိစ္စ များတွင် ရွာမှာ ငှားရမ်းနိုင်သည်။
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	မရှိ	ရွာမှာ ပွဲစားမရှိ ၊ မကွေး (၁၅ မိုင်) နှင့် မင်းဘူး (၁၂ မိုင်) သို့ သွား ရောက် ရောင်းချပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ဆည်ရေကို တနှစ်ပါတ်လုံးရရှိသည်။

၂။ စိုက်ပျိုးရေးချေးငွေကိုလည်း စိုက်ပျိုးရေးဘဏ်၊ သမဝါယမနှင့် ပက်မြန်မာတို့မှ ချေးငွေရရှိသည်။

၃။ ပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားသွင်းအားစုများကိုလည်း ကျေးရွာရှိစိုက်ပျိုးရေးဆိုင်နှင့် မင်းဘူးတို့ တွင် အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်သည်။

၄။ဆောင်းနှင့်နွေပိုင်းသာ (၁၅) ရက်တစ်ခါ ရေပေးဝေနိုင်ပါက စိုက်ပျိုးရေးနှင့် ဝမ်းစာဖူလုံမှု အဆင်ပြေနိုင်သည်ဟု ကျေးရွာကတင်ပြပါသည်။

CamScanner

၂.၂.၁.၆ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	စိုက်ပျိုးမြေ ထပ်မံ ၍ တိုးချဲ့ မရနိုင်ပါ။
ငွေကြေးအရင်းအနှီး လက်လှမ်းမှီမှု	ရှိ	ငွေတိုးဖြင့် ချေးငှား၍သီးနှံပေါ်ချိန် ပြန်ဆပ်ကြရသည်။
သွင်းအားစုတင်နိုင်မှု	ရှိ	ချေး ငှား၍သွင်းအားစု ဝယ်ယူရပါသည်။
ကျွမ်းကျင်လုပ်သားရှားပါး မှု	ရှိ	ရွာအတွင်းလုပ်သားရှားပါးမှုကြောင့်အခြားကျေးရွာများသို့ သွားရောက် ခေါ်ယူရပါသည်။ ပေတော၊ ရွှေလောင်း၊ ဆင်ဂေါင်း ကျေးရွာများသို့ သွားရောက် ခေါ်ယူရပါသည်။ ၃ မိုင်ခန့် ကွာဝေးပါသည်။
ဆည်မြောင်းရေရရှိမှု	ရှိ	ဆည်ရေရရှိသော် လည်း ချောင်းကူးတံတားများ မကောင်းသောကြောင့် ရေရရှိမှုနည်းပါးပါသည်။ အင်ပင်လှချောင်း၊ ပင်းတလဲချောင်း၊ မန်းချောင်းတို့တွင် တံတားများရှိပြီး ဆည်မှရေလွှတ်သော အခါရေတံခါးများမှ ရေမထိမ်းနိုင်သောကြောင့် လယ်ထဲသို့ ရေ အလုံအလောက်မရပါ။
မိုးရေမလုံလောက်မှု	ရှိ	ယာမြေများသည် မိုးကောင်းသောက် ဖြစ်သောကြောင့် မိုးခေါင်လျှင် မိုးရေမလုံလောက်မှု ကြုံ တွေ့ရပါသည်။ ရာသီဥတု မမှန် မိုးခေါင်သောကြောင့် ဝါဆို ဝါခေါင် သီးနှံ များသီးပွင့်ချိန်တွင် မိုးရေမလုံလောက်မှု ကြုံတွေ့ရပါသည်။
စိုက်ပျိုးရေသွင်းအားစုများ အချိန်မှီအသုံးပြုနိုင်မှု	ရှိ	ငွေကြေးမရှိသောကြောင့် အချိန်မှီအသုံးပြုနိုင်မှုမရှိပါ။
ဖျက်ပိုးနှင့်ရောဂါ	ရှိ	နှမ်းတွင် ရွက်လိပ် ရွက်ကပ် ပိုးများ ကျရောက်ပါသည်။ ဆေးနှင့် အချိန်မှီ မ ထိမ်းနိုင် ပါ ။
နည်းပညာအကူအညီနှင့် နည်းလမ်းများ	မရှိ	မြင်းကျား၊ အနော်ရထာ၊ သြဘာ ၊ ရွှေနဂါး ကုမ္ပဏီများမှ နည်းပညာများ လာရောက် ဆွေးနွေးပါသည်။
ဈေးကွက်လက်လှမ်းမှီမှု	မရှိ	သီးနှံ ထွက်ကုန် များအား မကွေး ၊မင်းဘူးသို့ ရောင်းချ နိုင်ပါသည်။
အစိုးရမူဝါဒနှင့် အစီအစဉ်	ရှိ	လယ်ကိုစပါးတစ်မျိုးသာစိုက်ရခြင်း။

ရည်ညွှန်း .. ကျေးရွာအဖြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ စိုက်ပျိုးမြေတိုးချဲ့ရန် မြေနေရာမရှိတော့ပါ။

၂။ ရာသီဥတုဖေါက်ပြန်သဖြင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်းတို့ရှိသည်။

၃။ စိုက်စရိတ်လုံလောက်မှုမရှိ။ အချိန်မီ ချေးငှားနိုင်ခြင်းမရှိ။ သတ်မှတ်ချိန်အတိုင်း ပြန်ဆပ်ကြရသည်။

၄။ စိုက်ပျိုးနည်းပညာများအား စနစ်တကျ ကျွမ်းကျင်စွာသိရှိလာပါကလည်း ဖျက်ပိုးရောဂါကာကွယ် ထိန်းချုပ်လာနိုင်ပြီး သီးနှံအရည်အသွေးတိုးကာ အထွက်နှုန်းတိုးလာမည်ဖြစ်သည်။ မြန်မာစိုက်ပျိုးရေးဌာနနှင့် စိုက်ပျိုးရေးကုမ္ပဏီများမှ နည်းပညာပေးသော်လည်း လုံလောက်မှုမရှိသေးပါ။

၅။ ပြင်ပမှ ချေးငွေကို ၅ မှ ၁၀ % ထိအတိုးနှုန်းဖြင့် ချေးနေရပြီး သွင်းအားစုအချိန်မှီ အသုံး

CamScanner

မပြုနိုင်ကြပါ။ လုံလောက်အောင် မသုံးနိုင်သောကြောင့် အထွက်နှုန်းထိခိုက်နိုင်သည်။ ထို့ကြောင့် သက်သာသောအတိုးနှုန်းနှင့် တောင်သူများ ပြန်ဆပ်နိုင်မည့်ကာလ အစီအစဉ်များဖော်ဆောင်ပေးသင့်သည်။

၂.၂.၂ မွေးမြူရေး လုပ်ငန်း

၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	**အိမ်ထောင်စု**	**မှတ်ချက်/အခြေအနေ**
မွေးမြူရေး		
နွား	၁၅၈	၆၉၆ ကောင်
မြင်း		
ဆိတ်	၁၀	၁၅၇ ကောင်
ဝက်	၂၅	၄၇ ကောင်
ကြက်	၁၅၃	၁၂၃၃ ကောင်
ဘဲ		
ငါးလုပ်ငန်း		
ငါးကန်		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ နွားကို အဓိကအားဖြင့် ခိုင်းနွားအဖြစ် မွေးမြူကြပြီး ဝင်ငွေတိုးအဖြစ်လည်းမွေးမြူကြသည်။ ရွာတွင် နွားခြံ ၅ ခြံနှင့် ဆိတ်ခြံ ၅ ခြံရှိသည်။ ဆိတ်နှင့်ဝက်ကို ဝင်ငွေတိုးလုပ်ငန်းအဖြစ် မွေးမြူကြသည်။ ကြက်ကို ဟင်းစားအဖြစ် မွေးမြူ ကြသည်။

၂။ စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပြီး မွေးမြူရေးတိုးတက်မှု အားနည်းသည်။

၃။မွေးမြူရေးသီးသန့်လုပ်ကိုင်သူ ၆၂ အိမ် (၂၂%) ခန့်ရှိပြီး စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်သူ ၁၅၆ အိမ် ၅၅.၇% ရှိသည်။

၄။ မွေးမြူရေးကို စီးပွါးဖြစ်မွေးမြူရန် အခက်အခဲရှိသည်။ အကြောင်းမှာ ဈေးကွက်အတွက် လွတ်လပ်စွာ ရောင်းချခွင့်၊ မွေးမြူခွင့်လိုင်စင်မရှိခြင်း၊ လိုင်စင်ရရန်ခက်ခဲခြင်းနှင့် လိုင်စင်ရှိသူများ၏ ခေါင်းပုံဖြတ်ခံရခြင်း၊ နှစ်စဉ်ကျရောက်သောရောဂါများကို မကာကွယ်နိုင်ခြင်း၊ ဒေသတွင်း ဈေးကွက်ကိုသာ အားကိုးနေရပြီး တိရိစ္ဆာန်များကို အကောင်လိုက်သယ်ယူရောင်းချရာတွင် အကန့်အသတ်များရှိနေခြင်း၊ ကြာရှည်ခံ အသားစည် သွပ်စက်ရုံကဲ့သို့ ဒေသတွင်း အရင်းအနှီးမြှပ်နှံမှု အားနည်းနေခြင်း၊ နည်းပညာဝန်ဆောင်မှု မရရှိခြင်းတို့ကြောင့် ဖြစ်သည်။

၅။ အစိုးရဌာနနှင့်အဖွဲ့အစည်းများ၏ နည်းပညာဝန်ဆောင်မှု လက်လှမ်းမမီနိုင်သဖြင့် မွေးမြူရေး တောင်သူများ ထုတ်လုပ်မှု နည်းပြီး အမြတ်အစွန်းလည်း နည်းသည်။

CamScanner

၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ	ရွာပိုင်မြေ လွတ် မြေရိုင်း ပေါ်တွင် တစ်နှစ် ပါတ်လုံး လွတ်ကျောင်းနိုင်ပါသည်။ဝါခေါင်မှတော်သလင်းတွင် နှမ်းမစိုက်သေးသော အချိန်တွင် လွတ်ကျောင်းနိုင်ပါသည်။ တပို့တွဲမှ တန်ခူး အထိလည်း သီးနှံ ရိတ်သိမ်းပြီး၍ လွတ်ကျောင်းနိုင်ပါသည်
ရေရရှိမှု	မိုးရာသီတွင် ရွာအနောက်ဘက်ရှိ ချောင်းရိုး တွင် သောက်သုံးရေ ရရှိပါသည်။ ကျန်အ ချိန် များတွင် ရွာတောင်ဘက်ရှိ ရေကန်တွင် တိရိစ္ဆာန်သောက်သုံးရေ ရရှိပါသည်။
တိရိစ္ဆာန်မျိုး	ရွာမှာပြန္နား (နွားသိုး) ရှိပါသည်။ ဝက်ကိုသား၊ဖေါက်ချင်သူများသည် ကိုင်းတောကြီး မှ ဝက်သိုးခေါ်ယူ၍ မိတ်လိုက်သည်။တချို့ ဝက်ပေါက်များအား ဝယ်ယူမွေးကြသည်။
ချေးငွေ	ချေးငွေ မရရှိပါ။
သွင်းအားစုဈေးကွက်	ဝက်မွေးမြူရေးအတွက် အစာဖြစ်သော ဖွဲ၊ ဧကွဲ ကို ကိုင်းတောကြီးသို့ သွား၍ဝယ်ရသည်။ ရွာရှိ ဆန်စက်မှမလုံလောက်သောကြောင့်ဖြစ်သည်။
ဝန်ဆောင်မှုဈေးကွက်	ကုန်းသာရွာရှိ တိရိစ္ဆာန်ဆေးကု ဆရာဝန်ခေါ်၍ ကုသနိုင်ပါသည်။
ထုတ်ကုန်ရောင်းဝယ်မှု	ဆိတ်ရောင်ချင်လျှင်မင်းဘူးမှပွဲစားကိုခေါ်၍ရောင်းနိုင်ပါသည်။ ဝက်ရောင်းချင်လျှင် ရွာအတွင်းလာရောက်ဝယ်သူကိုရောင်းနိုင်ပါသည်။ နွားရောင်းချင်လျှင် မင်းဘူးမှပွဲစားကိုခေါ်ပြီး ရောင်းနိုင်ပါသည်။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	အများစုမှာမြေနေရာကျဉ်းပါသည်။ တပိုင်တနိုင်သာမွေးမြူနိုင်ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ အခွင့်အလမ်းအနေဖြင့် လွတ်ကျောင်းရန်စာကျက်ရှိသည်။ စိုက်ပျိုးရေးမှ စွန့်ပစ်စာ ကောက်ရိုး၊ ပဲမှော်များ ရရှိသည်။

၂။ ဈေးကွက်နှင့် နီးသည်။ ဈေးကွက်ကောင်းပြီး အလုံအလောက်ရှိသည်။

၃။ သွင်းအားစုများကိုလည်း အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။

၄။ နွားနှင့်ဆိတ်မွေးမြူရေးမှာ စိုက်ပျိုးရေးအတွက် မြေဆွေးရရှိသောကြောင့် တိုးချဲ့မွေးရန် အလားအလာရှိသည်။

၅။ တိရိစ္ဆာန်ရောဂါ ကာကွယ်မှုအတွက် ကျေးရွာအတွင် တိကုသင်တန်းသားရှိပါက အသေအပျောက်နည်းပြီး မွေးမြူရေး တိုးတက်လာနိုင်သည်။

၂.၂.၂.၃မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အဓက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမှီမှု	ချေးငွေ မရရှိ ပါ။မွေးမြူချင်သော်လည်းအရင်းအနှီးမရှိပါ
ကူးစက်ရောဂါဖြစ်ပွားမှု	ဝက်တွင်နားရွက်ပြာရောဂါ၊ နွားတွင် လေးဖက်နာ၊ ခွာနာလျှာနာ၊ ခြေပုပ်၊ လက်ပုပ်ရောဂါ၊ဆိတ်တွင် လေးဖက်နာ၊ ခွာနာလျှာနာ ဖြစ်ပွားပါသည်။ ဆိုးရွား စွာကျရောက်၍အသေအပျောက်ရှိပါသည်။

CamScanner

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
သွင်းအားစုဈေးကွက်	ရောဂါကျရောက်လျှင်ဆေးဝါးအဆင်သင့်မရှိပါ။ ဝက်အတွက်အစာဈေးနှုန်းမှာ ကြီးမြင့်သောကြောင့် အခက်အခဲရှိပါသည်။
ဝန်ဆောင်မှုဈေးကွက်	ရောဂါဖြစ်၍ကုသချင်လျှင် ဆရာဝန်ချက်ချင်းမလာနိုင်ပါ။
ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက်	ရောင်းချင်လျှင် မင်းဘူးနှင့်စကုမြို့သို့ပွဲစားများအားခေါ်ယူရသောကြောင့် ဈေးနှိမ်ခံရပါသည်။
မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ဗဟုသုတ	အစိုးရရုံးမှ သင်တန်းမပေးပါ။ အချင်းချင်းဖလှယ်၍ ရယူရပါသည်။
စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမှီမှု	လိုင်စင်မရှိပါ။ ရရှိရန်ခက်ခဲပါသည်။
မျိုးကောင်းမျိုးသန့်	
ငါးဖမ်းခွင့် လက်လှမ်းမှီမှု	
ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မား‌မှု	
အရင်းအနှီးလက်လှမ်းမှီမှု	
အခြား:	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၂-၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ မိုးရွာလျှင် အမိုးအကာမရှိသောကြောင့် တိရိစ္ဆာန်များထားရန် အခက်အခဲရှိပါသည်။ ဟင်းလင်းပြင်တွင်သာ ထားရပါသည်။

၂။ မွေးမြူရေးအတွက် ငွေချေးစနစ်မရှိသောကြောင့် အရင်းအနှီးမတတ်နိုင်၊ လုပ်ငန်းတိုးချဲ့နိုင်ခြင်းမရှိကြပါ။

၃။ ဝက်မွေးရာတွင် အစာဈေးကြီးသောကြောင့် ဝယ်ယူရန်အခက်အခဲရှိပါသည်။ ဝက်တစ်ကောင်အတွက် တစ်နေ့အစာ ကုန်ကျစရိတ်မှာ ၁၅၀၀ ကျပ်ကုန်ကျပါသည်။

၄။ ဆေးကုသစရိတ်လည်းမြင့်သည်။ အစာစရိတ်မြင့်သည်။

၅။ မိမိခြံထွက် တိရိစ္ဆာန်များအား လွတ်လပ်စွာရောင်းဝယ်ခွင့်မရှိ။ သားသတ်လိုင်စင်ရရန် ခက်ခဲသည်။ လိုင်စင် ရှိသူ၏ ခေါင်းပုံဖြတ်မှုခံကြရသည်။

